mgyoe.com

# SHERLOCK HOLMES

Sir Arthur Conan Doyle

# ရွှေဒေါင်း

အင်္ဂလိပ် - မြန်မာ နှစ်ဘာသာတွဲ



[illegible]

## မောင်စံရှားစုံထောက်ပုံ နှင့်

အခြားအဖိုးတန်ဝတ္ထုများ

အင်္ဂလိပ်မှ မြန်မာသို့ အမိုးဝတ္ထုများ တစ်ခေတ်ကို ပြန်လည်ဆန်းသစ်သော
နှစ်ဘာသာတွဲစာအုပ် အစီအစဉ်ဖြစ်ပါသည်။ အမိုးဝတ္ထုများ၏ သဘောမှာ
အတိအကျပြန်ဆိုခြင်း၊ ချုံ့၍ ပြန်ဆိုခြင်းမျိုးများမဟုတ်ဘဲ ဇာတ်၏ကျောရိုးနှင့်
ရသအသွားအလာကိုသာ ယူ၍ မိမိကိုယ်ပိုင် အခင်းအကျင်းဖြင့် ပြန်လည်
ဖန်တီးယူသော အတတ်ပညာဆန်သည့် ရေးဖွဲ့မှုမျိုးဖြစ်လေရာ-
ယခု စီစဉ်သော စာအုပ်များကို အင်္ဂလိပ်ဘာသာသက်သက် ဖတ်ရှုလိုက ဖတ်နိုင်ခြင်း၊
ဘာသာစကား လေ့လာနိုင်ခြင်း၊ မြန်မာလိုသာ သီးခြားအရသာခံ ဖတ်ရှုလိုက
ဖတ်ရှုနိုင်ခြင်း၊ စာပေဖန်တီးရေးဖွဲ့လိုသူများအတွက် အမိုးဝတ္ထုရေးဆရာ၏
ဖန်တီးမှုအတတ်ပညာနှင့် ရေးဖွဲ့ပုံကို ချဉ်းကပ်လေ့လာနိုင်ခြင်း . . .
စသည်ဖြင့် လိုအပ်သလို အသုံးပြုနိုင်ကြရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ပါသည်။



ISBN 978-99971-2-000-7
A1SOD0001
2500 MMK
9 789997 120007 >

mgyoe.com

mgyoe.com

mgyoe.com

အမှီးဝတ္ထုရေးသူသည် သူ ကျွမ်းကျင်သော မြန်မာ့ဒေသ၊
မြန်မာလူနေမှုစရိုက်ဓလေ့ကို ကျွမ်းကျင်ပြီး ဖြစ်ရမည်။ မူရင်းဘာသာစကားကွဲသော
ဝတ္ထုကို မှီးသောအခါ ကျွမ်းကျင်သိရှိပြီး ဒေသနှင့် လူနေမှုစရိုက်ဓလေ့တို့ဖြင့်
တန်ဆာဆင်လိုက်ရာ မြန်မာ့အငွေ့အသက် လွှမ်းမိုးသွားသည်။
မြန်မာဆန်သွားသည်။

---

အမှီးဝတ္ထုများဆိုရာ၌ အချို့လည်း တစ်ပုဒ်လုံးကို မှီးသည်။ အချို့လည်းဇာတ်လမ်း
ကျောရိုးကို ယူသည်။ အချို့လည်း ဇာတ်ကွက်တစ်ကွက် နှစ်ကွက်ကိုသာ ယူသည်။
အမှီးရေးသူ၏ ကျွမ်းကျင်မှုအလိုက် ဝတ္ထုမှာ ကောင်းသည်၊ ညံ့သည်ဖြစ်ရပြီး
စာဖတ်ပရိသတ်၏ လက်ခံမှု လက်မခံမှုဖြင့် အသိအမှတ်ပြုခံရသော
ပြောင်မြောက်သည့် လက်ရာတို့မှာ မြန်မာစာပေနယ်တွင် နှစ်ကာလများစွာ
တင်ကျန်ခဲ့ကြခြင်းပင်။

---

အမှီးဝတ္ထုများသည် မြန်မာဝတ္ထုများပေါ်ဦးစတွင် များစွာအရေးပါခဲ့သော စာပေ
တစ်ရပ် ဖြစ်ပါသည်။ အမှီးဝတ္ထုများအပေါ် အကောင်းအဆိုး ဝေဖန်ဆန်းစစ်ကြသည်
များရှိသော်လည်း အမှီးဝတ္ထုများတွင် မြန်မာစာရေးဆရာ၏ အနုပညာဖန်တီးမှုမပါဘဲ
နှင့် ခေတ်အဆက်ဆက် စွဲလမ်းဖတ်ရှုနေရမည့် ဝတ္ထုများဖြစ်လာမည် မဟုတ်ပါ။

အမှီးဝတ္ထုများကို မူရင်းအင်္ဂလိပ်ဝတ္ထုများနှင့် ယှဉ်တွဲလေ့လာဖတ်ရှုခြင်းဖြင့်
မှီငြမ်းရေးသားခဲ့သူ စာရေးဆရာကြီးများ၏ စာရေးစွမ်းရည်၊ အနုပညာစွမ်းရည်၊ ဘာ
သာပြန်စွမ်းရည်တို့ကို လေ့လာနိုင်မည် ဖြစ်ပါသည်။

ထို့အတူ စာဖတ်သူများအနေဖြင့်လည်း ရသနှစ်မျိုး တိုက်ဆိုင်ခံစား၍ဖြစ်စေ၊
သီးခြားစီဖတ်ရှုခြင်းဖြင့် ဖြစ်စေ၊ အင်္ဂလိပ်စာကျွမ်းကျင်မှုအပြင် ရသဝတ္ထုများ၊ ကိုယ်ပိုင်
ဖန်တီးမှုတို့တွင်လည်း များစွာမြင့်တင်အကျိုးသက်ရောက်စေမည်ဟု စီစဉ်သူများက
ယုံကြည်ယူဆပါသဖြင့် ဤအစီအစဉ်များကို စတင်တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ရောင်းဈေး ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

# မျက်စိတစ်ဖက်လပ်အသင်းအမှု၌
# မောင်စံရှားစုံထောက်ပုံ နှင့်
# အခြားအမျိုးဝတ္ထုများ

ရွှေဥဒေါင်း

mgyoe.com

mgyoe.com

စာမူမူပိုင် – ဆရာကြီးရွှေဥဒေါင်း စာမူထိန်းသိမ်းရေးကော်မတီ
ယခုစာအုပ်ပြင်ဆင်တင်ဆက်ပုံမူပိုင် – အပါးတော်မြဲ
စာအုပ်တိုက်အမှတ်တံဆိပ် – အော်ပီကျယ်

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။

မျက်နှာဖုံးပန်းချီ နှင့်
အတွင်းသရုပ်ဖော်ပုံများ။ ဇော်မောင်

မျက်စိတစ်ဖက်လပ်အသင်းအမှု၌ မောင်စံရှားစုံထောက်ပုံနှင့် အခြားအမိုးဝတ္ထုများ၊ရွှေဥဒေါင်း
၁၈၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ
ပထမနှိပ်ခြင်း၊ ၂၀၁၈၊ ဇွန်လ၊
အုပ်ရေ ၁၀၀၀၊

email: aptmpublishinghouse@gmail.com
www.facebook.com/aptmbookhouse
အမှတ် (၇/၈)၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၊ ၀၉ ၄၄၁၅၁၅၅၅၉

mgyoe.com

mgyoe.com

# မျက်စိတစ်ဖက်လပ်အသင်းအမှုနှင့် မောင်စံရှားစုံထောက်ပုံ နှင့် အခြားအမိုးဝတ္ထုများ

ရွှေဥဒေါင်း

# SHERLOCK HOLMES

## Sir Arthur Conan Doyle

၂၀၁၈ ခုနှစ်၊ ဇွန်လ၊ ပထမနှိပ်ခြင်း။

mgyoe.com

အပါးတော်မြဲက ဆက်တိုက်တင်ဆက်နေမယ့်

မောင်စံရှားစာအုပ်များ

ယခု

၁။ မျက်စိတစ်ဖက်လပ်အသင်းအမှု၌ မောင်စံရှားစုံထောက်ပုံ နှင့် အခြားအမှိုးဝတ္ထုများ

ဆက်လက်၍

၂။ မတရားလက်ထပ်ခြင်းကို မောင်စံရှားစုံထောက်၍ ဖမ်းဆီးပုံနှင့် အခြားအမျိုးဝတ္ထုများ

၃။ စာမေးပွဲမေးခွန်းများပျောက်ဆုံးမှု၌ မောင်စံရှားစုံထောက်ပုံနှင့် အခြားအမျိုးဝတ္ထုများ

၄။ မိုးကုတ်အမွေမှု၌ မောင်စံရှားစုံထောက်ပုံနှင့် အခြားအမျိုးဝတ္ထုများ

စသည် ... စသည် ...

mgyoe.com

mgyoe.com

## မြန်မာကာလပေါ်ဝတ္ထုနှင့်အမှီးဝတ္ထုများ

ကာလပေါ်ဝတ္ထုနှင့်ပတ်သက်၍ ဆရာဇော်ဂျီ၏ ဖွင့်ဆိုချက်မှာ ဤသို့ ဖြစ်ပါသည်။

"အနောက်ဥရောပနိုင်ငံများတွင် ထွန်းကားနေသော နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး၏သဘောဆိုသည်မှာ -ဒိဋ္ဌဓမ္မ လူ့လောကထဲ၌ မြင်ရ ကြားရ ကြုံတွေ့ရသော လူ့စိတ်လူ့သဘောထားနှင့် လူ၏ကိုယ်နှုတ်လှုပ်ရှားမှု အမူအရာတို့ကို သဘာဝကျသည်ဟု ထင်ရအောင်(ဝါ) အသင့်ယုတ္တိရှိအောင် ဇာတ်လမ်းဆင်၍ သရုပ်ဖော်သော စကားပြေဝတ္ထုအဖွဲ့မျိုးကို ယေဘုယျအားဖြင့် ဆိုလိုခြင်းဖြစ်သည်။ အချုပ်မှာ နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုးဆိုသည်မှာ ဒိဋ္ဌဓမ္မလူ့လောကကို ထင်ဟပ်ရသော ဝတ္ထုအဖွဲ့မျိုးကို ဆိုလိုခြင်း ဖြစ်သည်။"

၁၉ဝ၄ ခုနှစ်တွင် 'မောင်ရင်မောင် မမယ်မ'အမည်ရှိ ဝတ္ထုထွက်ပေါ်လာပါသည်။ စာရေးဆရာမှာ ဂျိမ်းစ်လှကျော်ဖြစ်သည်။ ဂျိမ်းစ်လှကျော်သည် အနောက်တိုင်း၌ ပေါ်ထွန်းနေသော နော်ဗယ်ခေါ် ကာလပေါ်ဝတ္ထု

mgyoe.com

mgyoe.com


များကို အဖတ်အရှုအလေ့အလာ ရှိသူတစ်ဦးဖြစ်ရာ 'မောင်ရင်မောင် မမယ်မ' ဝတ္ထုကို ရေးသားရာ၌ ပြင်သစ်စာရေး ဆရာကြီး အလက်ဇန္ဒားဒူးမား၏ နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်သော မွန်တီခရစ္စတို မြို့စားကြီးဝတ္ထုမှ အဓိက ကျောရိုးဇာတ်ခန်း အနည်းငယ်ကို မှီးလျက် မြန်မာ့ရေမြေ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်နှင့် လိုက်လျောညီထွေအောင်ပြု၍ မိမိကိုယ်ပိုင်စိတ်ကူး စိတ်သန်း ဖန်တီးမှုများဖြင့် ဇာတ်လမ်းဆင်ရေးဖွဲ့လိုက်ခြင်း ဖြစ်သည်။ ထို့ ကြောင့်လည်း မြန်မာစာဖတ်ပရိသတ်သည် အလွန်အမင်း နှစ်သက်စွဲလမ်း ခဲ့ကြပါသည်။

ထိုဝတ္ထုတစ်ပုဒ်လုံးတွင် မြန်မာ့ဓလေ့စရိုက်၊ အငွေ့အသက် အပြည့် အဝပါသည်။ ၁၉၁၈ ခု၊ ဧပြီလထုတ် မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ် တွင် မောင်ရင်မောင် မမယ်မ ဝတ္ထုကို ဝေဖန်ရာ၌ "မောင်ရင်မောင်သည် ကလဲ့စားချေတတ်သော၊ ရက်စက်သော၊ မကောင်းသူကို ပယ်ရမည် ဟူသော တရားကို ဆုပ်ကိုင်၍ ခက်ထန်လွန်းလှသော ပြင်သစ်အမတ် ကြီး မဟုတ်တော့ပြီ။ ဗုဒ္ဓဘာသာဝင် သူတော်စင်ပီပီ သိမ်မွေ့သော၊ ချစ်ဖွယ်ကောင်းသော၊ သူတစ်ပါး၏အဆိုးကို မေ့ပျောက်လိုသော မခွင့် လွှတ်တတ်သောသူ ဖြစ်လာပေသည်"ဟု ဝေဖန်ထားသည်။

ဤသို့နှင့် မြန်မာကာလပေါ်ဝတ္ထုများ ဆက်လက်ပေါ်ပေါက်လာခဲ့ ပြီး မောင်ရင်မောင် မမယ်မ ဝတ္ထုကဲ့သို့ ဝတ္ထုများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ သို့သော် ထိုဝတ္ထုများမှာ ရှေးက ရေးဟန်များနှင့် ရောပြွမ်းနေခဲ့သည်ကို တွေ့ရသည်။

ဆရာကြီး ရွှေဥဒေါင်းသည် သူကိုယ်တိုင် အားထုတ်ရေးသားခဲ့သော 'ရန်ကြီးအောင်'ဝတ္ထုတွင် ဇာတ်လိုက် မနှင်းမြိုင်အား ကာလသား လေး ယောက်က အလောင်းအစားပြုကာ လူပျိုလှည့်ကြသော အဖြစ်အပျက်မှတစ် ပါး ကျန်ဇာတ်လမ်းဇာတ်ကွက်များမှာ ဆရာကြီး စိတ်ကူးဖြင့်ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။ လေးယောက်သဘောတူ လူပျိုလှည့်ကြသော အဖြစ်အပျက်မှာ 'လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံကြီး' ဝတ္ထုမှ ယူခြင်းဖြစ်သော်လည်း လူပျို လှည့်ပုံလှည့်နည်းတို့မှာ ဆရာကြီး၏ စိတ်ကူးစိတ်သန်းဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ဆရာကြီး ရွှေဥဒေါင်းသည် 'ရန်ကြီးအောင်' ဝတ္ထုကို သူရိယသတင်းစာတိုက်သို့ ပို့လိုက်သည်။ မကြာခင်မှာပင် သူရိယသတင်းစာတိုက်က 'ရန်ကြီးအောင်' ဝတ္ထုကို ငွေ ၁၀၀ိ/ နှင့် ဝယ်ယူလိုက်သဖြင့် ဆရာကြီးရွှေဥဒေါင်းလည်း ရန်ကုန်သို့ ရောက်လာလေသည်။ ထို့နောက် သူရိယ ဦးဘဖေနှင့်တွေ့ဆုံသည့်အခါ ဦးဘဖေက Mrs. Ellen Wood ၏ East Lynne ကိုမှီး၍ ဝတ္ထုရေးရန် အကြံပေးလိုက်သည်နှင့် East Lynne သည် ဆရာကြီး ရွှေဥဒေါင်း၏ 'ရတနာပုံ' ဖြစ်လာလေသည်။ ဆရာကြီး ရွှေဥဒေါင်း၏ ပထမဆုံးသော အမှီးဝတ္ထုဖြစ်သည်။

ဆရာကြီးရွှေဥဒေါင်းသည် ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သူရိယမဂ္ဂဇင်း အယ်ဒီတာဖြစ်လာခဲ့သည်။ သူရိယတိုက်အုပ် နှစ်ယောက်ဖြစ်သည့် ဦးဘဖေနှင့် ဦးလှဖေတို့က ဆရာကြီးရွှေဥဒေါင်း၏ လက်စွမ်းလက်စကို တွေ့ရသဖြင့် သူရိယမဂ္ဂဇင်းထုတ်ရန် စိတ်ကူးမိကြသည်။ ထို့ကြောင့် ပထမဆုံးဝတ္ထုဖြစ်သော ဆရာကြီးရွှေဥဒေါင်း၏ 'မောင်သိန်းတင်နှင့် မသိန်းရှင်' ဝတ္ထုကို သူရိယမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၁ (မတ်၊ ၁၉၁၇) တွင် ဖော်ပြခဲ့သည်။ ထိုဝတ္ထုမှာ မြန်မာစာပေလောကတွင် ပထမဆုံးဝတ္ထုတိုလည်း ဖြစ်သည်။ သူရိယဦးလှဖေက Sir Arthur Conan Doyle ၏ Sherlock Holmes ကိုမှီး၍ ရေးရန် တိုက်တွန်းခဲ့သဖြင့် ဆရာကြီးရွှေဥဒေါင်းသည် သူရိယမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၂ မှစ၍ စုံထောက်မောင်စံရှားဝတ္ထုများကို စတင်ရေးသား ခဲ့သည်။

ဆရာကြီးရွှေဥဒေါင်းသည် မြန်မာစာပေလောကတွင် လျှို့ဝှက်ဆန်းကြယ် (Mystery) ဝတ္ထုများကို စတင်ရေးသားခဲ့သူဖြစ်သည်။ ထိုဝတ္ထုအများစုမှာလည်း အမှီးဝတ္ထုများ ဖြစ်သည်။ ပင်တိုင်ဇာတ်ကောင်များ ဖန်တီး၍ ရေးသားခဲ့ရာ ထိုဝတ္ထုများမှာ စုံထောက်မောင်စံရှား၊ ဂျာမဒါကိုကိုကြီး၊ ဇော်ဟိတ်၊ သူတော်စိန်၊ ဒဂုံတင့်နှင့် ဒေါက်တာသောင်းထိုက်တို့ ဖြစ်သည်။

ဂျာမဒါကိုကိုကြီးမှာ ဆာအာသာကွန်နင်ဒွိုင်း၏ Brigadier Gerard ဖြစ် သည်။ ဇော်ဟိတ်ဝတ္ထုများမှာ စစ်မဖြစ်မီက ဆရာကြီးရွှေဥဒေါင်းသည် 'ကြီးပွားရေးမဂ္ဂဇင်း'တွင် စတင်ရေးသားခဲ့ပြီးနောက် စစ်ပြီးခေတ်တွင် ရှုမဝမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းတို့ ဆက်လက်ရေးသားခဲ့သည်။ ဇော်ဟိတ်ဝတ္ထု

mgyoe.com

mgyoe.com



အများစုမှာ Sapper အမည်ခံ အင်္ဂလိပ်စာရေးဆရာကြီး H.C. McNeile ၏ဝတ္ထုများကိုမှီး၍ ရေးခဲ့ခြင်းဖြစ်သည်။ အခြားဇော်ဟိတ်ဝတ္ထုများမှာလည်း အမှီးဝတ္ထုများ ဖြစ်သည်။

ဆရာကြီးရွှေဥဒေါင်းသည် နဂါးနီစာအုပ်တိုက်မှ ရေးခိုင်းခဲ့သဖြင့် ဒေါက်တာ သောင်းထိုက်ကို ရေးပေးခဲ့သည်။ မူရင်းဝတ္ထုမှာ R. Austin Freeman ၏ Dr. Thorndyke ဖြစ်သည်။ ဤဝတ္ထုကို နဂါးနီစာအုပ်တိုက်မှ သခင်နုက အသင်းစက္ကရီတေရီမှတစ်ဆင့် ဆရာကြီးရွှေဥဒေါင်းကို မှီးရေးပေးရန် အပ်ခဲ့ခြင်းဖြစ်သည်။

ဒဂုံတင့်ဝတ္ထုမှာ စစ်ပြီးခေတ်၌ ပဒေသာမဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ ဒဂုံတင့်ဝတ္ထုများမှာ အင်္ဂလိပ်စာရေးဆရာ E.W.Hornung ၏ A.J.Raffles ကိုမှီး၍ ရေးခဲ့ခြင်း ဖြစ်သည်။ A.J.Raffles မှာ သူခိုးတစ်ယောက်ဖြစ်သော်လည်း ကိုယ့်အမျိုးသားချင်းထံမှ ခိုးယူခြင်း မပြုတတ်ဘဲ မတရားစီးပွားရှာနေသော ဝိသ်မလောဘသားများထံမှ ပြန်လည်ခိုးယူပြီး ဒုက္ခရောက်နေသူများအား စွန့်ကြဲပေးကမ်းသည့် ဇာတ်ကောင် ဖြစ်သည်။ Raffles ဝတ္ထုများမှာလည်း ရှားလော့ဟုမ်းဝတ္ထုများကဲ့သို့ ဖြစ်သည်။

ဆရာကြီးရွှေဥဒေါင်းသည် 'သူတော်စိန်'ဝတ္ထုများကို စစ်ပြီးခေတ် ဒဂုန်မဂ္ဂဇင်း တွင် ရေးသားခဲ့သည်။ 'သူတော်စိန်'မှာ အင်္ဂလိပ်စာရေးဆရာကြီး Leslie Carteris ၏ The Saint ဝတ္ထုများကိုမှီး၍ ရေးခဲ့ခြင်းဖြစ်သည်။ The Saints ဝတ္ထုများတွင် အဓိကဇာတ်ကောင်မှာ Simon Tamplar ဖြစ်ပြီး မတရားမှုများ ကျူးလွန်နေသော လူကြီးလူကောင်း မသူတော်များကို ဥပဒေပြင်ပမှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် The Saints အမည်ခံပြီး ရှင်းလင်းခဲ့သူဖြစ်သည်။ ဆရာကြီးရွှေဥဒေါင်းက သူတော်စိန်တွင် ဘကျော်လှက လုပ်ဖော်ကိုင်ဖက် ခင်ခင်စိန်နှင့်အတူ သူတော်စိန်အဖြစ် လှုပ်ရှားခဲ့ခြင်း ဖြစ်သည်။

သူတော်စိန်ဝတ္ထုများတွင် ဆရာကြီးရွှေဥဒေါင်းက အယူအဆတစ်ခုကို တင်ပြခဲ့သည်။ ဝတ္ထုဇာတ်လိုက်ဆိုသည်မှာ အကျင့်စာရိတ္တနေရာ၌ 'ခြောက်ပြစ်ကင်း သဲလဲစင်'ဖြစ်ရမည်ဟု အချို့က ယူဆခဲ့ကြသည်။ ထိုအယူအဆကို ဆရာကြီးရွှေဥဒေါင်းက သဘောမတူ လက်မခံခဲ့ပေ။ ဆရာကြီးက သူတော်စိန်နှင့်ပတ်သက်၍ ချို့ယွင်းချက်များ ပါရှိသည်ကို ဝန်ခံထားပြီး

mgyoe.com

mgyoe.com
ထိုချို့ယွင်းချက်များသည် ညစ်ပတ်ယုတ်မာခြင်း မဟုတ်သည့်အပြင် သူ၏ စွန့်စားသည့် စိတ်နေသဘောထားသည် သူ၏ချို့ယွင်းချက်ကို ပြေဖျောက်စေနိုင်မည်ဟု ယူဆသဖြင့် သူတော်စိန်၏အကျင့်စာရိတ္တကို စာဖတ်ပရိသတ်အား ရဲရဲကြီး တင်ပြလိုက်ခြင်းဖြစ်သည်ဟု ဆိုခဲ့လေသည်။

ဆရာကြီးရွှေဥဒေါင်း၏ ထင်ရှားသော အမှီးဝတ္ထုများမှာ သိန်းထိုက်၊ ရူပနန္ဒီ၊ ရူပကလျာဏီ၊ ပထမံဆရာသိန်း၊ ဝဏ္ဏ၊ ရတနာပူရ၊ ခင်စက်မေ စသည်တို့ဖြစ်သည်။ သိန်းထိုက်မှာ Wilkie Collins ၏ Moonstone ကို မှီးရေးခဲ့ခြင်းဖြစ်သည်။ ရူပနန္ဒီနှင့် ရူပကလျာဏီတို့မှာ ဆာရိုက်ဒါဟက်ဂတ်၏ She and Return of She တို့ကို မှီးရေးခဲ့ခြင်း ဖြစ်သည်။ ပထမံဆရာသိန်းမှာ Guy Boothby ၏ Dr. Nikola Returns ဖြစ်သည်။ ဝဏ္ဏမှာ Vendetta ကို မှီးရေးခြင်းဖြစ်သည်။ ခင်စက်မေမှာ Wilkie Collins ၏ The Woman in White ကို မှီးရေးခဲ့သည်။

ဆရာကြီးရွှေဥဒေါင်းက စုံထောက်မောင်စံရှားဝတ္ထုများ သူရိယမဂ္ဂဇင်း၌ ရေးသားနေစဉ် ၁၉၁၇ ဇွန်လထုတ်မဂ္ဂဇင်းတွင် 'ချင်းဗိုလ်မောင်တက်တူ'မှာ ပြည်မောင်တင်က ရေးသားခြင်းဖြစ်သည်။ ပြည်မောင်တင်မှာ နောင်တွင် ဒဂုန်ရွှေမျှားအဖြစ် ကျော်ကြားလာခဲ့သည်။ 'ချင်းဗိုလ်မောင်တက်တူ'မှာ ရိုက်စပီးယား၏ 'အော်သယ်လို' ပြဇာတ်ကို မှီး၍ ရေးသားခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ပီမိုးနင်းသည် 'နေရီရီ'ဝတ္ထုကို ၁၉၂၀ ခန့်တွင် 'ပိုက်ဆံကြီး'အမည်ဖြင့် ရေးသားခဲ့သည်။ ထိုဝတ္ထုမှာ Charlie Garvic ၏ Just a Girl ကို မှီး၍ရေးခဲ့ခြင်း ဖြစ်သည်။ မှီး၍ရေးသားခဲ့သော်လည်း ထိုကာလခေတ်ပြိုင်ဝတ္ထုများမှာ မြန်မာ့စရိုက်နှင့် ညီညွတ်ခြင်း၊ မြန်မာ့လူ့အဖွဲ့အစည်းပီပြင်ခြင်း၊ အရေးအသားပြောင်မြောက်ခြင်းတို့ကြောင့် ပီမိုးနင်း၏ဝတ္ထုများအကြောင်း ပြောကြသည့်အခါ နေရီရီဝတ္ထုအကြောင်းကို ထည့်သွင်းပြောကြရလောက်အောင် နေရီရီသည် မြန်မာ့ဂန္ထဝင်ဝတ္ထုတစ်ပုဒ် ဖြစ်လာခဲ့သည်။

ဆရာကြီးဇေယျ၏ 'မြတ်လေးရွှေစားဗိုလ်' ဝတ္ထုများသည် ၁၉၂၀ ခုနှစ် နောက်ပိုင်းလောက်ကစ၍ မြန်မာဝတ္ထုလောကတွင် နေရာယူခဲ့သည်။

ဤဝတ္ထုနှင့်ပတ်သက်၍ ဆရာဇေယျက ဤသို့ ရေးသားခဲ့သည်။
mgyoe.com

mgyoe.com



'၁၉၂၀ ပြည့်နှစ် ကျွန်တော်တို့ ရန်ကုန်စာပေလောကသို့ ဝင်ရောက်စအချိန် မှာ မြန်မာအမျိုးသားစိတ်ဓာတ် အပြင်းအထန် ထကြွနိုးကြားနေချိန် ဖြစ်ပေသည်။ ရှိရင်းအခြေနှင့် မကျေနပ်၊ ရှေ့သို့တိုးရန် အားထုတ်နေကြဆဲဖြစ်သည်။ အတွေးဟောင်း အမြင်ဟောင်းများကို စွန့်ခွာ၍ စိတ်သစ်အမြင်သစ်များကို မွေးမြူနေကြသည်။ ယောကျ်ား၊ မိန်းမ နုနုယဥ်ယဥ် အတွေး၊ နုနုယဥ်ယဥ် အလုပ်များကို မွေ့လျော်ခြင်း မရှိကြတော့ဘဲ ယောကျ်ား၊ မိန်းမ လူကြီးလူငယ်မရွေး ထက်ထက်သန်သန် စွန့်စွန့်စားစား ပြုလုပ်လိုစိတ်များ ထကြွကာ မြို့တကာရွာတကာတွင် ဒေါင်းလံကြီးများကို တဝင့်ဝင့် တလွှားလွှား ပြုခဲ့ကြလေသည်။ အချစ်အကြိုက် အနုအယဥ်များကို လည်း မနှစ်သက်ကြတော့ချေ။'

ဤသည်ပင် မြတ်လေးရွှေဓားဗိုလ် ရေးဖြစ်ခဲ့သော ခေတ်ကာလ နောက်ခံအခြေ အနေဖြစ်၏။ တစ်နည်းဆိုသော် ထိုကာလပြည်သူတို့၏ လိုအင်အရ မြတ်လေးရွှေဓားဗိုလ်ကို ရေးသားခဲ့သည်ဟု သဘောရပေသည်။

မြတ်လေးရွှေဓားဗိုလ်ဝတ္ထုသည် ဘေးရှွန်းနက်အော့ဇီ၏ သယ်စကားလက်ပင်ပါနယ် ဝတ္ထုကိုအခြေခံ၍ ထွက်ပေါ်လာသော ဝတ္ထုဖြစ်သည်ဟု ဆိုနိုင်လေသည်။ သို့သော် ဆရာဇေယျသည် မူရင်းအင်္ဂလိပ်ဝတ္ထုကို မှီငြမ်းပြု၍ မြတ်လေးရွှေဓားဗိုလ်ကို ရေးသည်ဟု ဆိုရသည်မှာ ခက်ခဲလှပေသည်။ မြတ်လေးရွှေဓားဗိုလ်ဝတ္ထုများတွင် ပထမတွေ့ရသော ဝတ္ထုသည်ပင် မူရင်း အင်္ဂလိပ်ဝတ္ထုပါ အဖြစ်အပျက်များနှင့် လုံးဝတူသည်ဟု မဆိုနိုင်ပေ။

ဆရာဇေယျသည် အော့ဇီ၏ဝတ္ထုကို မှီငြမ်းပြုခဲ့သည်ဟု တထစ်ချ ပြော၍ မဖြစ်နိုင်ပေ။ ပထမဆုံး မြတ်လေးရွှေဓားဗိုလ်ဝတ္ထုသည်သာ အော့ဇီ၏ ဝတ္ထုကို ဖတ်ရခြင်းဖြင့် အော့ဇီ၏ဝတ္ထုမှ ဇာတ်ကွက်တစ်ခုနှစ်ခုကို ယူ၍ ရေးသားထားကြောင်း တွေ့ရ၏။ ထို့ကြောင့် မြတ်လေးရွှေဓားဗိုလ်သည် သယ်စကားလက်ပင်ပါနယ်ကို အားကျ၍ ပေါ်ပေါက်လာသော ဝတ္ထုဟုသာ ဆိုနိုင်၏။ သယ်စကားလက်ပင်ပါနယ် အမိုးဝတ္ထုဟု မဆိုနိုင်ပေ။

အထက်ပါအတိုင်း ဆရာမလိခက မြတ်လေးရွှေဓားဗိုလ်နှင့် ပတ်သက်၍ သုံးသပ်တင်ပြခဲ့လေသည်။

သခင်ဘသောင်း၏ 'ပန်းသာ မစာအု'မှာ နိုင်ငံရေးစာပေများကိုသာ

mgyoe.com

mgyoe.com



အစဉ်တစိုက် ထုတ်ဝေနေသော နဂါးနီစာအုပ်တိုက်မှ ပထမဆုံးထုတ်ဝေသော ဝတ္ထုဖြစ်သည်။ ၁၉၃၆ ခုနှစ်အတွင်း နှစ်တွဲခွဲ၍ ထုတ်ဝေခဲ့သည်။ ပန်းသာ မစာအုသည် အင်္ဂလိပ်စာရေးဆရာကြီး သောမတ်ဟာဒီ၏ Tess of The D.Ubervilles ကိုမှီး၍ ရေးထားသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုကို ရေးသူ သခင်ဘသောင်းသည် နိုင်ငံရေးပြစ်မှုဖြင့် ထောင်ကျနေစဉ် ရေးသားခဲ့သည်။ မူလရေးစဉ်က ဝတ္ထုအမည်မှာ ပန်းသာ မခါအု ဖြစ်သည်။ အညာကျေးတော သူတစ်ယောက်၏ အမည်အဖြစ် ထင်ရှားစေရန် မခါအုဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် စာအုပ်ထွက်လာသည့်အခါ မခါအုသည် မစာအု ဖြစ် သွားလေသည်။

သခင်ဘသောင်းသည် ရိုးမတောင်ခြေ ဒေသတစ်ဝိုက်ဖြစ်သော တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လယ်ဝေးမြို့များတွင် ကြီးပြင်းခဲ့သူ ဖြစ်သည်။ ထိုကြောင့် ထိုဒေသ လူနေမှုစရိုက်ဓလေ့တို့ကို ကျွမ်းကျင်သည်။ သောမတ်ဟာဒီ ဝတ္ထုကိုမှီးသောအခါ ထိုဒေသကို နောက်ခံပြုလိုက်သည်။ မူရင်းအင်္ဂလိပ်ဝတ္ထုကို အညာကျေးလက် မြန်မာ့လူနေမှုစရိုက်ဓလေ့တို့ဖြင့် တန်ဆာဆင်လိုက်ရာ မြန်မာ့အငွေ့အသက် လွှမ်းမိုးသွားသည်။ မြန်မာဆန် သွားသည်။ ဤသို့ဖြင့် မြန်မာဝတ္ထုတစ်ပုဒ် ဖြစ်လာ၏။ မြန်မာဝတ္ထုလောက တွင် သြဇာကြီးမားသော ဝတ္ထုတစ်ပုဒ် ဖြစ်လာခဲ့လေသည်။

သခင်ဘသောင်းသည် မူလအင်္ဂလိပ်ဝတ္ထုကို မှီးရာ၌ မူရင်းဝတ္ထု၏ ဇာတ်လမ်းကို အဓိကအားပြုထား၏။ သို့သော် မြန်မာမှုပုံဖော်ရာတွင်မူ မြန်မာတို့နှစ်သက်ဖွယ် ဖြစ်နိုင်သော အရေးအဖွဲ့များကို တွေ့ရသည်။ ဝတ္ထု အစတွင် ပါဝင်သော လက်ပံပင်ကြီးကို ဖွဲ့နွဲ့ရေးသားပုံ၊ ထို့ပြင် စာရေးသူ သည် ဝတ္ထု၏အဆုံး၌ သူ၏အယူအဆတစ်ရပ်ကို တင်ပြခဲ့လေသည်။ မစာအုကို ကြိုးပေးသတ်သော အဖြစ်နှင့်ပတ်သက်၍ 'တစ်သေကို နှစ်သေ ဖြစ်စေသည်'ဟူသော အချက်ကို ထည့်သွင်းကာ ရာဇဝတ်မှု ကျူးလွန်ရာ၌ ကြိုးပေးဆုံးမသော နည်းသည် မမှန်ကန်၊ အရာမရောက်နိုင်။ တစ်သေကို နှစ်သေ ဖြစ်စေသော သဘောသာဖြစ်သည်ဟူ၍ သူ၏အမြင်ကို ဖော်ပြခဲ့လေ သည်။ မူရင်းဝတ္ထု၌ ထိုသို့သော အမြင်သဘော မပါဝင်ပေ။

'မေ'ဝတ္ထုမှာ ဆရာဒဂုန်တာရာ၏လက်ရာဖြစ်သည်။ 'မှဲ့မေ'ဝတ္ထုကို

mgyoe.com

mgyoe.com



နဂါးနီးစာအုပ်တိုက်မှ ၁၉၄၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ကမ္ဘာ့စာပေတွင် နာမည်ဆိုးနှင့် ကျော်ကြားသည့်အမျိုးသမီး ဇာတ်လိုက်ဇာတ်ဆောင် အင်နာကရင်နီနာ၊ မဒမ်ဘိုဘာရီ စသည်တို့ကဲ့သို့ မြန်မာဝတ္ထုထဲတွင် အမျိုးသမီးဇာတ်ဆောင် 'မေ' သည်လည်း နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည် ဆိုရပေမည်။ အင်နာကရင်နီနာကို ရေးသော တော်လ်စတွိုင်းက အင်နာကရင်နီနာဘက်က နေသည်။ ဆရာဒဂုန်တာရာကလည်း 'မေ'ဝတ္ထုကိုရေးရာ၌ ဇာတ်ဆောင် 'မေ'ဘက်မှ နေခဲ့လေသည်။ 'မေ' ဝတ္ထုသည် အမှီးဝတ္ထုဖြစ်သည်။ မူရင်းမှာ Beverley Nichols ၏ Self ဖြစ်သည်။

"မေ ဝတ္ထုအတွက် အမှာစာကို သူငယ်ချင်းဖြစ်သူ ကိုဗဟိန်းက ရေးပေးခဲ့သည်။ ထိုအမှာစာမှာလည်း မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့လေသည်။ ထိုအမှာစာတွင် ကိုဗဟိန်းက အောက်ပါအတိုင်းရေးခဲ့သည်။"

'မေ'ဝတ္ထုကို ဖတ်ရသည်မှာ ရှန်ပိန်အရက်ကို သောက်လိုက်သည်နှင့် တူလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့အရသာမှာ အခြားအစာအာဟာရများလို ဒါချည်း ဒါချည်း မထွက်ဘဲ ထူးထူးကဲကဲ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားသောကြောင့် ဖြစ်သည်။

တက်ဘုန်းကြီး သိန်းဖေ(သိန်းဖေမြင့်)က ဖဲရှုံးသဖြင့် မိမိကိုယ်ကိုရောင်းစားရသော မင်းကတော်တွေပေါသည့် ခေတ်၌ ကျောင်းဆရာမလေး 'မေ' ဖာဖြစ်သွားသည်မှာ အံ့သြဖွယ်မဟုတ်။ သူ့အကြောင်းကို ထုတ်ဖော်ရေးသားဝံ့သော စာရေးဆရာဒဂုန်တာရာသာလျှင် အံ့သြဖွယ်ဖြစ်သည်။

ဆရာတက်တိုးက "ဒဂုန်တာရာသည် စာပန်းချီတစ်ဦးဖြစ်ကြောင်းကို မိတ်ဆွေ ရန်သူ ဘာမျှမဆိုင်သူမှန်သမျှ ဝန်ခံခဲ့ရပေသည်။ အလွန်ပင် မသန့်ရှင်းသော မေသည် မြူမတင်သော အပျိုစင်ထက်ပင် နှစ်လိုဖွယ်ကောင်းနေသည်မှာ အဘယ်ကြောင့်နည်း။ ဒဂုန်တာရာ၏ ခပ်နော့နော့ ဆွဲလိုက်သော ကလောင်စုတ်တံကြောင့်ပေတည်း"ဟု ဆိုသည်။

ယခုတင်ပြခဲ့သော မြန်မာစာပေလောက၌ ထင်ရှားခဲ့သော ဂန္ထဝင်ဖြစ်သွားကြသည့် မြန်မာ့အမှီးဝတ္ထုအချို့ကို တင်ပြလိုက်ခြင်းဖြစ်သည်။ ထို

mgyoe.com

mgyoe.com

မြန်မာအမျိုးဝတ္ထုများကြောင့် မြန်မာဝတ္ထုလောကသည် ပို၍ထွန်းကားတိုး တက်လာခဲ့သည်ဟု ဆိုရပေမည်။

မြင့်ဆွေဦး
မေလ၊ ၂၀၁၈

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကြိုးကြာကန်ရှာ လူသတ်မှုတွင် မောင်စံရှားစုံထောက်ပုံ

မျိုးမကြာမီက ရန်ကုန်မြို့၌ နေ့စဉ်ထုတ်စာဖြစ်ချိလျက်ရှိသော သတင်းစာ တိုက်တစ်တိုက်တွင် လက်ထောက် သတင်းစာဆရာတစ်ယောက် လစ်လပ်ကြောင်းနှင့် သတင်းစာတစ်စောင်တွင် တွေ့ရှိ၍ သတင်းစာ ရေးသားခြင်း၌ ဝါသနာ ပါရှိသည့် အလျောက် လျှောက်ထားလိုက်ရာ ကျွန်တော်သည် ၎င်းအလုပ်ကို ရရှိပါကြောင်း။

ထိုသို့ ရရှိပြီးနောက် ကျွန်တော်သည် ပစ္စည်းအနည်းငယ်နှင့် မန္တလေးမှ ရန်ကုန်သို့ ဆိုက်ရောက်လာရာ ရန်ကုန်မြို့ပေါ်၌ သိဟောင်းကျွမ်းဟောင်း မိတ်ဆွေသူငယ်ချင်း တစ်ဦးတစ်ယောက်မျှ မရှိသည်နှင့် စားသောက်နေထိုင်ရန် တည်းခိုနေအိမ် မရှိသည့်အခိုက်တွင် ဟိုတယ်တစ်ခု၌ ဧည့်သည်အဖြစ်ဖြင့် သုံးလေးရက် တည်းခိုလျက် နေရပါကြောင်း။

ထိုသို့နေထိုင်စဉ် ကျွန်တော်၏ လခသည် ဟိုတယ်၌ ကြာရှည်စွာ နေထိုင်ရန် မလုံလောက်သည် ဖြစ်သောကြောင့် တော်သင့်တော်ရာ ရှာဖွေတည်းခိုရန် ကြံစည်လျက် ရှိဆဲတွင် ကံအားလျော်စွာ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နှင့် လက်ဖက်ရည် ဆိုင်တစ်ဆိုင်တွင် တွေ့ဆုံမိပါကြောင်း။

ထိုအခါ ကျွန်တော်သည် သူငယ်ချင်းအား အကျိုးအကြောင်းပြောပြ၍ တည်းခို ရန် အိမ်တစ်ခုကို ရှာဖွေ၍ပေးရန် အကြောင်းကို ပြောလေလျှင် သူငယ်ချင်း ဖြစ်သူက

mgyoe.com

'ကျွန်ုပ်သည် ခင်ဗျားနှင့် ကျောင်းနေဖက်သူငယ်ချင်း ဖြစ်သည့်အလျောက် ကျွန်ုပ်၏အိမ်၌ တည်းခိုပါဟု ပြောရန် ဝတ္တရားရှိပေသည်။ သို့သော် ကျွန်ုပ်မှာ သား မယားနှင့်ဖြစ်၍ ကလေးမှာလည်း လေးငါးယောက် ရှိနေသည့်ပြင် ယခု နေထိုင်လျက် ရှိသော အိမ်မှာလည်း အလွန်ကျဉ်းမြောင်းလှသည်ဖြစ်၍ မိတ်ဆွေနေလောက်မည် မထင်။ သို့ရာတွင် ကျွန်ုပ်၌ မိတ်ဆွေတစ်ဦး ရှိသည်။ ၎င်းမိတ်ဆွေမှာလည်း လူပျို ဖြစ်သဖြင့် ခင်ဗျားတို့ လူပျိုအချင်းချင်း အတူနေထိုင်ကြပြီးလျှင် စားသောက်ရန် အတွက်ကို ကျွန်ုပ်က တာဝန်ခံပါမည်'ဟု ပြောလျှင် ကျွန်တော်သည် ထိုသူငယ်ချင်း ၏ အကြံပေးချက်ကို ဝမ်းမြောက်စွာ လိုက်နာရပါကြောင်း။

ထို့နောက် ကျွန်တော်သည် ၎င်းသူငယ်ချင်းနှင့်အတူ ထိုသူရှိရာသို့ သွားရောက် ကြရာ လမ်းတွင် သူငယ်ချင်းက ပြောသည်မှာ

'ယခု ကျွန်ုပ်တို့ သွားမည့်အိမ်မှာ မောင်စံရှား၏အိမ် ဖြစ်သည်၊ လူမှာ လူကောင်းတစ်ယောက် ဖြစ်သည်။ သို့ရာတွင် ထိုသူမှာ သူတစ်ပါးနှင့်မတူ၊ ထူးထူး ဆန်းဆန်း လုပ်တတ်ကိုင်တတ်၊ ပြောဆိုတတ်သည်၊ အချိန်မတော်၌လည်း သွားရန်ရှိ က သွားရတတ်သည်၊ ထိုလူ၏ အိမ်၌လည်း ထူးဆန်းသော ဧည့်သည်တို့ ခဏခဏ လာရောက်တတ်သည်။ သို့ရာတွင် ခင်ဗျားမှာ ကိုယ့်အလုပ်ကိုကိုယ်လုပ်၍ သူလည်း သူ့အလုပ်နှင့် သူနေလျှင် မသင့်မြတ်ရန် မရှိ၊ သဘောသဘာဝလည်း ကောင်းပါသည်' စသည်ဖြင့် ပြောလျှင် ကျွန်တော့်မှာ အနည်းငယ် အံ့သြ၍ မည်သည့်အလုပ်အကိုင်နှင့် အသက်မွေးပါသနည်းဟု မေးလျှင် သူငယ်ချင်းက

'စုံထောက်မောင်စံရှား ဆိုတာ မကြားဖူးဘူးလား မိတ်ဆွေ၊ သို့သော် သူက အစိုးရအမှုထမ်း မဟုတ်ဘူး၊ သူ့ဘာသာ အိမ်မှာနေပြီး အမှုသည်များက လာရောက် ငှားရမ်းမှ လိုက်ပြီး စုံထောက်၍ ပေးသည်၊ တစ်ခါတစ်ရံ အစိုးရစုံထောက်များ စုံထောက်၍ မရသည့် အမှုများရှိလျှင်လည်း ၎င်းထံ လာရောက်တိုင်ကြား၍ စစ်ကူ တောင်းကြရသည်၊ စုံထောက်အမှုမှာဖြင့် တစ်ဖက်ကမ်းခပ်တဲ့ လူပါပေပဲဗျာ' စသည် ဖြင့် ပြောရင်းဆိုရင်းနှင့်ပင် ကျွန်တော်တို့သည် စုံထောက်မောင်စံရှား အိမ်သို့ ရောက်ကြ လေ၏။

မောင်စံရှား၏ အိမ်မှာ လမ်း ၄၀ ရှိ တိုက်တစ်တိုက် အပေါ်ထပ်တွင် ဖြစ်၍ ကျွန်ုပ်တို့လည်း တိုက်ပေါ်သို့ တက်သွားကြရာ မောင်စံရှားနှင့် အခန့်သင့်ပင် တွေ့ရှိကြ လေ၏။

mgyoe.com

ကျွန်တော်တို့လည်း အခန်းတွင်းသို့ ဝင်မိကြလျှင် မောင်စံရှားမှာ ပက်လက်ကုလားထိုင်တစ်ချပ်တွင် ထိုင်လျက်၊ ဆေးတံကို အငွေ့ခြောင်းခြောင်းထွက်အောင် ပြင်းစွာရှုရှိုက်လျက် သောက်နေရာမှ ကျွန်ုပ်တို့ကိုမြင်လျှင် ထိုင်ရာမှ မထဘဲ ကုလားထိုင်များရှိရာသို့ လက်ညှိုးညွှန်ပြပြီးလျှင် ဆေးတံကိုသာ သောက်မြဲတိုင်း သောက်လျက် ဆေးတံမှ ထွက်သော မီးခိုးတို့သည် ကမ္ဘာပေါ်တွင် ကြည့်ရှုဖွယ်ရာ အကောင်းဆုံးသော အရာများ ဖြစ်ဘိသကဲ့သို့ မီးခိုးများကိုသာ စိုက်၍ ကြည့်နေလေ၏။

ဤသို့ စောင့်ဆိုင်း၍ နေရသည့်အတွင်း ကျွန်တော်သည် အခန်း၏ အခြေအနေကို ကြည့်ရှုရာ စုံထောက်ကြီးတစ်ဦး ဖြစ်သည့်အလျောက် ကောင်းမွန်ခမ်းနားစွာ ပြင်ဆင်၍ ထားသည်ကို မတွေ့မြင်ရဘဲ ဖန်ဘူးဖန်ခွက်မှစ၍ လူ၏ အင်္ဂါအစိတ်အပိုင်းတို့ကို ဆေးစိမ်လျက်ထားသော ပုလင်းကြီးငယ်တို့ကိုသာ တွေ့မြင်ရလေ၏။

၁၅ မိနစ်ခန့်ကြာလျှင် 'ဩော် ဟုတ်ပြီ၊ ဒီအတိုင်းပဲ' ဟု ပြောလျက် ဆေးတံကို ချထား၍ ကျွန်တော်တို့ရှိရာသို့ ထလာပြီးလျှင် ကျွန်တော့်ကို အတန်ငယ် စိုက်ကြည့်ပြီးမှ

'ကိုသိန်းမောင်၊ မန္တလေးက ဘယ်တုန်းက ရောက်သလဲ၊ ယခု ဟိုတယ်မှာ တည်းနေသည် မဟုတ်လား' ဟု ရုတ်တရက် မေးမြန်းလေရာ ကျွန်တော်မှာ များစွာ အံ့သြလျက်ရှိနေလျှင် ကျွန်တော့်သူငယ်ချင်းလည်း ကျွန်တော်၏ အံ့အားသင့်လျက်ရှိသော မျက်နှာကို ကြည့်၍ ရယ်မောလေ၏။

ထိုအခါ မောင်စံရှားက

'မိတ်ဆွေက ကျွန်တော် ပြောသည်ကို အံ့သြသလား၊ ဘာမျှ အံ့သြစရာမရှိပါ၊ အနည်းငယ် ဂရုစိုက်၍ ကြည့်လျှင် လူတိုင်းပင် သိနိုင်ပါသည်။ မိတ်ဆွေ၏ ဝတ်ပုံ စားပုံကို ကြည့်သဖြင့် ရန်ကုန်သား မဟုတ်ကြောင်းကို သိရသည့်ပြင် ပေါင်းပုံထုပ်ပုံမှာလည်း ရန်ကုန်သားတို့ကဲ့သို့ သပ်ရပ်သေချာလွန်းသည် မရှိဘဲ ကြည့်၍လည်းကောင်းအောင် ကပိုကရိုနှင့် မန်းဆန်ဆန် ရှိသည့်အတွက် မန္တလေးကဟု ကျွန်တော်တွေးထင်မိပါသည်၊ မိတ်ဆွေ၏ နာမည်နှင့် ဟိုတယ်၌ တည်းနေကြောင်းကို သိရပုံမှာ မိတ်ဆွေ၏ ပဒုမ္မာ ရင်စေ့အင်္ကျီသည် ပါးလွှာလှသည် ဖြစ်သောကြောင့် နာရီအိတ်တွင် ထည့်၍ထားသော မိတ်ဆွေ၏ စာကို မြင်ရသည် ဖြစ်သဖြင့် မိတ်ဆွေ၏ နာမည်နှင့် တကွ ဟိုတယ်၌ တည်းခိုလျက် ရှိသည့်ကြောင်းကို သိရပါသည်' ဟု ပြောလျှင် ကျွန်တော်မှာ 'ဟုတ်ပါပေသည်' ဟု ဝမ်းတွင်းက များစွာ ချီးမွမ်းမိပါကြောင်း။

mgyoe.com

ထို့နောက် ကျွန်တော်၏ သူငယ်ချင်းက ကျွန်တော်တို့ လာသည့် အကြောင်းကိစ္စကို ပြောဆိုလျှင် မောင်စံရှားက

'ကောင်းပါပြီ၊ နေတာတော့ နေပေါ့၊ သို့သော် ကျွန်တော်က လူဆန်း ဖြစ်သည်၊ မိတ်ဆွေ သည်းခံနိုင်မှ ခံနိုင်မည်' ဟု ပြောလျှင် ကျွန်တော်မှာ ထိုသူ၏ အကြောင်းကို များစွာသိလိုလှသဖြင့် မည်မျှပင် ထူးဆန်းသော်လည်း အတူတကွ ပျော်ရွှင်စွာ နေထိုင်ရန် ရှိပါကြောင်းနှင့် ပြောဆိုသဖြင့် ကျွန်တော်တို့သည် ဈေးတည့်ကြလေ၏။

ကျွန်တော်လည်း ဟိုတယ်မှ ယူရန်ရှိသည့် ပစ္စည်းကလေးများကို ယူငင်သယ်ပိုးခဲ့ပြီးလျှင် ၎င်းအိမ်သို့ ပြောင်းရွှေ့ထားသိုပြီးနောက် သူငယ်ချင်း၏ အိမ်သည်လည်း ၎င်းလမ်းတွင်ပင် ရှိသဖြင့် မောင်စံရှားနှင့် ကျွန်တော်တို့သည် သူငယ်ချင်းအိမ်သို့ ညစာစားသောက်ရန် လိုက်သွားကြလေ၏။

အိမ်သို့ရောက်၍ ထမင်းစားသောက်ရင်း ကျွန်တော်သည် စုံထောက်မောင်စံရှား၏ ကြန်အင်္ဂါ ရုပ်လက္ခဏာကို သေချာစွာ အကဲခတ်လျက်ရှိရာ စုံထောက်မောင်စံရှားမှာ အရပ်အမောင်း မြင့်မားလျက် သေးသေးသွယ်သွယ်ပင် ဖြစ်သော်လည်း လူသာမန်တို့ထက် ခွန်အားဗလကြီးမားဟန် လက္ခဏာ ရှိလေသည်။ အသက်မှာ သုံးဆယ်ကျော်ခန့်ရှိ၍ ရုပ်ရည်မှာလည်း များစွာ မချောလှသော်လည်း လူတစ်ဖက်သားကို စေ့စေ့ကြည့်လိုက်သည့်အခါ လိမ်လည်၍ ပြောမည့်အကြံရှိသော သူတို့သည် မဟုတ်မတရား မပြောဝံ့ဘဲ ဝမ်းတွင်း၌ ရှိသမျှကို အကုန်သိပြီး ဖြစ်သကဲ့သို့ အလွန်တရာစူးသော မျက်စိ၏ တန်ခိုးနှင့် ပြည့်စုံပေ၏။ စကားပြောသည့်အခါတို့၌လည်း အလွန်တရာ တိုတောင်းလျက် အချက်ကျလောက်ရုံသာ ပြောတတ်ပေ၏။

မောင်စံရှားသည် စုံထောက်ခြင်းအလုပ်၌ များစွာ ဝါသနာပါရှိသည့်အပြင် ၎င်းအလုပ်နှင့် သက်ဆိုင်သည့် ဗဟုသုတကိုသာ ဆည်းပူးလျက် အခြားအကြောင်းအရာတို့နှင့် စပ်လျဉ်း၍ ပြောဆိုကြသည့် မည်သည့် စကားကိုမျှ နားထောင်ရန် အလိုမရှိချေ။ ပမာဆိုသော် စစ်အကြောင်းနှင့်ပတ်သက်၍ စကားစပ်မိကြသဖြင့် ပြောဆိုကြသည့်အခါ မောင်စံရှားမှာ တူရကီတို့သည် အင်္ဂလိပ်ဘက်မှ ပါသည်၊ ဂျာမန်ဘက်မှ ဖြစ်သည် စသည့် အကြောင်းကိုမျှ သိရှိဟန် လက္ခဏာ မရှိချေ။

၎င်းနောက် အဆိပ်များအကြောင်းကို စကားစပ်မိပြန်၍ ပြောဆိုကြသောအခါ၌ကား မောင်စံရှားမှာ မိမိနှင့် သက်ဆိုင်သည့် ဗဟုသုတမျိုး ဖြစ်သဖြင့် မည်သည့် အဆိပ်သည် မည်သည့်နာရီအတွင်းတွင် လူကို သေဆုံးစေတတ်ကြောင်း၊ ၎င်းကို

mgyoe.com

မည်သို့ ဖော်စပ်ရကြောင်း၊ ၎င်းအဆိပ်မျိုးကို စားသောက်မိသည့်အခါ လူနာသည် မည်သို့ ထူးခြားကြောင်း၊ မည်သို့သော နည်းဖြင့် စားမိကြောင်း သိရှိနိုင်ကြောင်း၊ နောက်ဆုံးဖော်သည့် အဆိပ်တစ်မျိုးမှာ လျှာပေါ်သို့ ရောက်ရောက်ချင်း လူကို သေစေတတ်ကြောင်း၊ ၎င်းကို မည်သူ ပထမတွေ့ရှိကြောင်း စသည်ဖြင့် အဆိပ်မျိုးပေါင်း ၅၀ ကျော်ခန့်ကို ရှင်းလင်းသေချာစွာ အတ္ထုပ္ပတ္တိနှင့်တကွ ပြောဆိုနိုင်လေသည်။

ကျွန်တော်သည် မောင်စံရှားနှင့်အတူ နေထိုင်၍ တနင်္ဂနွေ နှစ်ပတ်ခန့်ရှိလျှင် ထိုအတွင်းတွင် မောင်စံရှားထံသို့ လာရောက်ကြသော သူအပေါင်းတို့အနက် အချို့မှာလည်း သူတောင်းစားကဲ့သို့ ဝတ်ဆင်လျက်၊ အချို့မှာလည်း မစွမ်းမသန် ယောင်ဆောင်ပြီးလျှင် အိမ်ပေါ်သို့ ရောက်သည့်ကာလ လူကောင်းပကတိ ဖြစ်လျက်၊ တစ်ခါတစ်ရံမှာလည်း ကောင်းမွန်စွာ ဝတ်စားဆင်ယင်၍ မိကောင်းဖခင်တို့၏ သမီးပျိုကလေးများ အသွင်ရှိသော မိန်းကလေးများလည်း လာရောက်တတ်လေသည်။

ကျွန်တော်လည်း ထိုသူတို့ကို မြင်လျှင် မည်သည့်အကြောင်းကိစ္စနှင့် လာရောက်ကြသည်များကို သိလိုလှသဖြင့် မောင်စံရှားအား ကျွန်တော်သည် စုံထောက်ပညာများကို လိုလားသူတစ်ယောက် ဖြစ်ကြောင်းနှင့် ပြောဆိုအကျွမ်းဖွဲ့ပြီးလျှင် ကျွန်တော် အားလပ်သည့်အခါနှင့် ကြုံကြိုက်ပါက အမှုစုံထောက်ရန် တစ်ခါတစ်ခေါက်လောက် ခေါ်ငင်ရန် အကြောင်းနှင့် ပြောဆိုလေသည်။

တစ်နေ့သ၌ စနေနေ့ည ဖြစ်သဖြင့် ကျွန်တော်သည် အရိပ်ပြပွဲသို့ သွားမည်ဟု ပြင်ဆင်နေဆဲတွင် မောင်စံရှားသည် ဟောင်းနွမ်းညစ်စုတ်စွာ ဝတ်ဆင်လျက် ခရီးဝေးမှ ပြန်လာသည့် လက္ခဏာနှင့် အိမ်ပေါ်သို့ တက်လာပြီးလျှင် အဝတ်များကို လဲလှယ်ပြီးနောက် ကျွန်တော့်အား

'ခင်ဗျား တစ်နေ့က အားလပ်သည့်အခါနှင့် ကြုံကြိုက်လျှင် ခေါ်ပါဟု ကျွန်တော့်ကို ပြောသည် မဟုတ်လား၊ ကဲ အခု ကျုပ် ဖီးကုန်းဘူတာ၊ ကြိုးကြာကန်ရွာ လူသတ်မှုအကြောင်းနှင့် စုံထောက်ရန် သွားရပေမည်၊ ည ၉ နာရီ ၁၅ မိနစ် ရထားနှင့် လိုက်ရမည်၊ ခင်ဗျား လိုက်နိုင်မလား' ဟု ပြောလျှင် ကျွန်တော့်မှာ ၎င်းလူသတ်မှု အကြောင်းကို ထိုနေ့သတင်းစာတွင် တွေ့မြင်ရသဖြင့် အရိပ်ပြပွဲတွင် ပါရှိသော ပုံများမှာ တကယ်မဟုတ်၊ ဆင်၍သာလျှင် ရိုက်ထားသော ပုံများ ဖြစ်သည်။ ယခု အမှုမှာ တကယ်ဖြစ်သည့်အပြင် ထူးဆန်းသော အမှုလည်း ဖြစ်သောကြောင့် အရိပ်ပြပွဲထက် ကောင်းမည်ဟု သဘောရပြီးလျှင် အတူလိုက်ရန် ဝန်ခံလိုက်လေ၏။

mgyoe.com

 mgyoe.com 

ငင်းည ကိုးနာရီ ထိုးခါနီးလျှင် ကျွန်တော်နှင့် မောင်စံရှားတို့သည် လက်ဆွဲသားရေအိတ်တစ်လုံးစီနှင့် ကွမ်းခြံဘူတာသို့ သွားရောက်၍ ဒုတိယတန်း လက်မှတ်နှစ်စောင်ကို ယူပြီးလျှင် ပြည်ရထားပေါ်တွင် နေရာထိုင်ခင်း ရရှိပြီးနောက် မီးရထားလည်း ထွက်လေ၏။

မောင်စံရှားလည်း သားရေအိတ်မှ ငင်းညနေထုတ် ရန်ကုန်သတင်းစာကို ထုတ်ပြီး ကျွန်တော့်အားပေးသဖြင့် ကျွန်တော်သည် ငင်းအမှုနှင့် ပတ်သက်၍ သတင်းစာတွင် ဖတ်ရှုရာ မြန်မာအခ၀ိပ္ပာယ်မှာ

သားက အဖကို သတ်သည်ဆိုသည့် အမှုအကြောင်း

ရန်ကုန်မှ ပြည်သို့ သွားသော မီးရထားလမ်းရှိ ဇီးကုန်း ဘူတာအနီး ကြိုးကြာကန်ရွာသား ငပေါ်လာသည် အဖ ဦးပြည့်စုံ ဆိုသူကို လွန်ခဲ့သည့် ကြာသပတေးနေ့ ညနေတွင် ဦးခေါင်းကို တစ်စုံတစ်ခုဖြင့် ရိုက်နှက်၍ သတ်ဖြတ်သည်ဆိုပြီး ပုလိပ်တို့သည် ငပေါ်လာကို ဖမ်းဆီးချုပ်နှောင်လျက်ရှိကြောင်း၊ အဆိုပါ ကြာသပတေးနေ့ ညနေတွင် အဖ ဦးပြည့်စုံသည် ရွာအနီးရှိ ရေကန်တစ်ခုသို့ တစ်ယောက်တည်း ထွက်သွားရာ ငင်းနှင့် မလှမ်းမကမ်းမှ သား ငပေါ်လာသည် ဝါးရင်းတုတ်ကြီး တစ်ချောင်းကို ကိုင်လျက် ထက်ကြပ်လိုက်ပါ၍ သွားသည်ကို မြင်လိုက်ကြောင်းနှင့် တစ်ယောက်သော သက်သေက ထွက်ဆိုလေကြောင်း၊ ငင်းပြင် အခြားသက်သေတစ်ဦးကလည်း ရေကန်အနီးတွင် သားအဖ နှစ်ယောက်တို့သည် တစ်စုံတစ်ခုအကြောင်းနှင့် တစ်ယောက်နှင့်တစ်ယောက် အတိုက်အခံ ငြင်းခုံလျက်ရှိရာမှ သား ငပေါ်လာသည် ဒေါသအမျက် ချောင်းချောင်းထွက်သဖြင့် ဖခင်ကို ထိုးမည်ဟု လက်မြှောက်သည်ကို ရေခပ်နေသူ သူငယ်မကလေးတစ်ယောက်က မြင်လိုက်ကြောင်းနှင့် ထွက်ဆိုလေကြောင်း၊ မိန်းကလေးလည်း သားအဖ ရန်ဖြစ်နေသည်ကို မကြည့်လိုမူ၍ ရေအိုးကို ချပြီးလျှင် အမိအဖ ရှိရာသို့ ပြေးသွားတိုင်ကြားလျက်ရှိစဉ် အဆိုပါ ငပေါ်လာသည် ပျာယီးပျာယာနှင့် ငင်းတို့ထံ ပြေးလာပြီးလျှင် မိမိ၏ဖခင် သေဆုံးသည့် အကြောင်းကို တုန်လှုပ်သော အမူအရာဖြင့် ပြောဆိုလေကြောင်း၊ သူငယ်မကလေး၏ အမိအဖတို့ လည်း ငပေါ်လာ ပြောသည့်အတိုင်း သွားရောက် ကြည့်ရှုကြရာ ဖခင် ဦးပြည့်စုံမှာ

mgyoe.com

ဦးခေါင်းတွင် ဒဏ်ရာအကြီးအကျယ်တို့နှင့် သေဆုံးလျက်ရှိသည်ကို တွေ့မြင်ရလေကြောင်း။

ကျွန်တော်သည် ဤသတင်းကို ဖတ်ပြီးသည့်နောက် မောင်စံရှားအား

'ဒါဖြင့် ခင်ဗျား ဘာ စုံထောက်စရာ လိုတော့သလဲ၊ အမှုကလည်း ထင်ရှားနေပြီ၊ လက်သည်ကိုလည်း မိထားပြီ၊ ခင်ဗျား သွားလို့ အပိုပေါ့' ဟု ပြောလျှင် မောင်စံရှားလည်း အနည်းငယ် ပြုံးရယ်၍

'အမှုက ယခု ဒီလို ဖြစ်နေတယ်ဗျ၊ သေလွန်သူ ဦးပြည့်စုံက အထက်သား၊ သူတို့နဲ့ အိမ်နီးချင်း လယ်မြေပေါ်တဲ့ အထက်သား တစ်ယောက်လည်း ရှိသေးတယ်၊ သူ့နာမည်က ဦးသာပေါ်တဲ့၊ ဦးသာပေါ်မှာလည်း သမီး တစ်ယောက် မစောခင် ဆိုတာ ရှိတယ်၊ အဲဒီ မစောခင်နဲ့ ငပေါ်လာနဲ့က အင်မတန် အကျွမ်းတဝင် ချစ်ခင်ကြတယ် ဆို ထင်ပါရဲ့၊ သည်မိန်းကလေးက ငပေါ်လာ စိတ်သဘောကို ကောင်းကောင်းသိတဲ့ အတွက် ငပေါ်လာသည် ဖခင်ကို ဘယ်နည်းနဲ့မှ သတ်မယ် မထင်ဘူးလို့ အောက်မေ့ပြီး အင်စပိတ်တော် မောင်အုန်းဖေကို ပြောသတဲ့၊ ဒါနဲ့ မောင်အုန်းဖေက ကျုပ်ဆီ သံကြိုးရိုက်လိုက်တယ်'

'မိန်းကလေးက ဘယ်လို ထင်ပေမဲ့ သူ့အမှုက အင်မတန် ထင်ရှားနေတာ ကလားဗျ၊ ဟုတ်နိုင်မယ် မထင်ပါဘူး'

'အင်း၊ ဒီလို ထင်ရှားတဲ့ အမှုမျိုးပဲ သာခက်တာ၊ အမှုက မထင်ရှားရင် စုံထောက်ဖို့ လွယ်တယ်ဗျ၊ ခုတော့ ထင်ရှားလွန်းအားကြီးလို့ အင်မတန် သတိပြုရတယ်' ဟု ပြောလျှင် ကျွန်တော့်မှာ ကောင်းစွာ နားမလည်သဖြင့် အစအဆုံး ကြည့်ရဦးမည်ဟု မယုံ့တယုံနှင့် ရှိနေလေ၏။

၎င်းနောက် မောင်စံရှားလည်း မိမိ စုံထောက်ခဲ့သည့် အမှုများကို ကျွန်တော့်အား ပြောဆိုရင်း သုံးနာရီခွဲလျှင် မီးရထားလည်း ဇီးကုန်းဘူတာသို့ ဆိုက်ရောက်လေ၏။

မီးရထားမှ ဆင်းလျှင် အင်စပိတ်တော် မောင်အုန်းဖေလည်း ကျွန်တော်တို့ကို စောင့်ဆိုင်း ကြိုဆိုလျက် ရှိသည်ကို တွေ့ရသည်နှင့် ၎င်းနှင့်အတူ လှည်းတစ်စီးနှင့် ကြိုးကြာကန်ရွာသို့ သွားရောက်ကြလေ၏။

လမ်းတွင် မောင်အုန်းဖေက

'သတင်းစာထဲမှာ သည်အမှုအကြောင်း ခင်ဗျား ဖတ်ပြီးပြီပေါ့လေ၊ အလကား

mgyoe.com

 mgyoe.com 

ပါဗျာ၊ အင်မတန် ထင်ရှားနေတဲ့ အမှုပဲ၊ မိန်းကလေးက ငွေကုန်ကျတဲ့အတွက် သူက ခံပါမယ်ဆို၍ စိတ်ကျေနပ်အောင်သာ ခင်ဗျားကို ကျွန်တော် ကြေးနန်းရိုက်လိုက်ရတယ်၊ ခင်ဗျားလည်း ဘာမှထူးပြီး တတ်နိုင်မယ် မဟုတ်ပါဘူး' ဟု ပြောလျှင် မောင်စံရှားလည်း မဆိုစလောက် ပြုံးရယ်လျက်

'အင်း တတ်နိုင်မယ် မထင်ပါဘူး' ဟု ပြောပြီးလျှင်

'ကဲ မိုးလင်းတော့ အလုပ်များလိမ့်မယ်၊ ကျုပ် တစ်ရေးလောက် အိပ်ဦးမယ်' ဟု ပြောပြီးလျှင် လှည်းပေါ်တွင် အိပ်၍ လိုက်လေ၏။

နံနက်လင်း၍ ရွာသို့ ချဉ်းလေလျှင် မောင်စံရှားလည်း အိပ်ရာမှ ထ၍ လှည်းလည်း ရွာသူကြီးအိမ်သို့ ဆိုက်ရောက်လေ၏။ မောင်စံရှားလည်း ရေမိုးချိုးပြီးလျှင် တရားခံနှင့် သက်သေအစစ်ခံချက်တို့နှင့်တကွ အမှုတွဲပါ အင်စပိတ်တော် မောင်အုန်းဖေထံမှာ တောင်းရမ်း ဖတ်ရှုကြည့်ရာ ဦးပြည့်စုံ သေဆုံးပြီးသည်နောက် ပုလိပ်တို့ လာရောက်စုံစမ်း၍ ငပေါ်လာအပေါ်၌ သင်္ကာမကင်းသဖြင့် ဖမ်းဆီးသောအခါ ငပေါ်လာက 'ကျုပ် အထင်သားပဲ၊ မိုက်လှတဲ့ အကောင် ဒီလိုဖြစ်မှ ကောင်းတယ်' ဟု ပြောဆိုသည့် အကြောင်းကို တွေ့ရှိလေလျှင် မောင်စံရှားက

'အင်း၊ ဒီဥစ္စာ အရေးကြီးတယ်' ဟု ပြောလေ၏။

ထိုအခါ ကျွန်တော်က 'ဒီဟာ ဘာအရေးကြီးသလဲ' ဟု ပြောရာ မောင်စံရှားက

'သူ သတ်ကြောင်း ဘာလို့ ဝန်ခံမလဲ၊ သူ မသတ်ကြောင်း နောက်တော့ ဆက်ပြောသေးတယ်၊ ခင်ဗျား စဉ်းစားကြည့်ဗျ၊ ငပေါ်လာသည် သူ့အဖကို မသတ်ဘူး ဆိုသည့်တိုင်အောင် ငါ့ကိုဖြင့် ထင်စရာ ဖြစ်တော့မှာပဲဆိုတာ သူ မသိဘဲ နေမလားဗျ၊ သိမှာပေါ့၊ တကယ်လို့ သူ့ကို ဖမ်းဆီးစဉ်အခါက သူက အံ့သြယောင်ဆောင်သည် ဖြစ်စေ ပြုခဲ့ရင် သူ့အပေါ်မှာ ကျုပ် မသင်္ကာစရာရှိမယ်၊ ယခုတော့ သူ ပြောပုံဆိုပုံက လိမ်လည်ကောက်ကျစ်၍ ဟန်လုပ်သည့် လက္ခဏာ မရှိဘူး၊ ပြီးတော့ မိုက်လှတဲ့ အကောင် သည်လိုဖြစ်မှ ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ သိလား၊ သက်သေ မိန်းကလေး ထွက်ချက်အတိုင်း ငပေါ်လာ သည် မိမိ၏ ဖခင်အပေါ်၌ များစွာ အမျက်ထွက်ရုံမက ဖခင်ကိုပင် ထိုးမည် ကြိတ်မည် ပြုမိသည်ကို ဝမ်းနည်း၍ နောင်တရသောကြောင့် ဤကဲ့သို့ ပြောလျှင် မပြောနိုင်ပါလော၊ ဤသို့ ပြောခြင်းသည် အမှန်အတိုင်း ပြောဆိုသော သူ၏ လက္ခဏာနှင့် တူသည်၊ အပြစ်ရှိသော သူသည် အပြစ်ကို ဝန်မခံဘဲ ဤသို့ မပြောတန်ရာ' ဟု ပြောလျှင် ကျွန်တော့်မှာ မစဉ်းစားတတ်အောင် ဖြစ်၍

mgyoe.com

နားထောင်လျက်သာလျှင် နေရလေ၏။

ထို့နောက် ကျွန်တော်က

'ခင်ဗျား ထင်ပုံတော့ ဟုတ်ပါပြီ၊ သို့သော် ငပေါ်လာ အစစ်ခံချက်ကို ဖတ်စမ်းပါဦးဗျာ၊ သူ ဘာများပြောသလဲလို့' ဟု ပြောပြီးလျှင် ငပေါ်လာ၏ အစစ်ခံချက်ကို ဆက်လက်၍ ဖတ်ကြရာ

'ကျွန်တော်သည် လက်ပံတန်းတွင် ကိစ္စရှိ၍ သုံးရက်ခန့် သွားရောက်ပြီးလျှင် ဖခင် သေဆုံးသည့် ကြာသပတေးနေ့ ညနေရထားနှင့် ပြန်၍ ရောက်ပါသည်။ အိမ်သို့ ရောက်လျှင် ဖခင်ကို မတွေ့သည်နှင့် ကျွန်တော်လည်း ကိုင်နေကျ ဝါးရင်းတုတ်ကို ကိုင်လျက် ရေကန်ဆီသို့ လျှောက်သွားပါသည်။ ရေကန်အနီးသို့ ရောက်လျှင် ဖခင်နှင့် ကျွန်တော် အထိမ်းအမှတ်ထားသော 'တီတူးခါးခါး' ဟူသော ခါမြည်သံကို ကျွန်တော် ကြားရပါသည်။ ကျွန်တော်လည်း ၎င်း အထိမ်းအမှတ်ကို ကြားသဖြင့် ဖခင်သည် ကျွန်တော်ရောက်ကြောင်း မသိသေးဘဲလျက် အဘယ်ကြောင့် ကျွန်တော့်ကို ခေါ်၍ နေပါသနည်းဟု အံ့ဩလျက် အသံကြားရာသို့ သွားသောအခါ ဖခင်ကို မြင်ပါသည်။ ဖခင်လည်း ကျွန်တော့်ကို မြင်သောအခါ များးစွာ အံ့ဩသော မျက်နှာထားနှင့် 'နင် ဘာလို့ လာသလဲ' ဟု မေးပါသည်။ ၎င်းနောက် ကျွန်တော်တို့သည် တစ်စုံတစ်ရာ အကြောင်းကို ပြောဆိုကြရာ ဖခင်သည် အလွန်စိတ်ထက်သော သူတစ်ယောက် ဖြစ်သဖြင့် ဒေါသအလျောက် ကျွန်တော့်ကို ထိုးမည်ပြုလျက် ကျွန်တော်လည်း ပြန်၍ ထိုးမည် ပြုမိပါသည်။ ၎င်းနောက် ကျွန်တော်သည် ဖခင်၏ သဘောကို သိသဖြင့် အဖနှင့် အမျက်ထွက်ရန် မတော်သည့် အကြောင်းကို သတိရ၍ အဖကို ထားခဲ့ပြီးလျှင် တစ်ယောက်တည်း ပြန်လာခဲ့ပါသည်။ ကျွန်တော် ပြန်လာ၍ အတောင် ၃၀၀ ခန့် သွားမိသောအခါ ကျွန်တော်၏နောက်မှ အော်သံတစ်ခုကို ကြားသဖြင့် ကျွန်တော်သည် ပြန်၍ ပြေးသွားပါသည်။ ဖခင်ရှိရာသို့ ရောက်သောအခါ ဖခင်မှာ ဦးခေါင်းတွင် ဒဏ်ရာအကြီးအကျယ်တို့နှင့် မြေပေါ်တွင် လဲနေသည်ကို တွေ့ရှိရပါသည်။ ထိုအခါ ကျွန်တော်သည် လက်မှ တုတ်ကို ချ၍ အဖအနီးတွင် ဒူးထောက်ပြီးလျှင် အဖကို ပွေ့ထားသောအခါ ဖခင်မှာ အသက်ပျောက်၍ သွားပါသည်။ ကျွန်တော်သည် ဖခင် အနီးတွင် တစ်စုံတစ်ယောက်ကိုမျှ မတွေ့မမြင်ပါ။ ဖခင်သည် မည်သည့်နည်းဖြင့် ၎င်းဒဏ်ရာများကို ရရှိသည် ကျွန်တော် မသိပါ။ ကျွန်တော်၏ဖခင်မှာ လူအများတို့နှင့် အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံလေ့ မရှိပါ။ သို့ရာတွင် ဖခင်၏ ရန်ငြိုးဖွဲ့လောက်

mgyoe.com

အောင် မုန်းသော ရန်သူလည်း ရှိမည် မထင်ပါ'

'မောင်မင်း၏ဖခင် မသေမီ ဘာများ ပြောသွားသလဲ'

'ပြောတော့ ပြောတာပဲ၊ ကျွန်တော် ကောင်းကောင်း နားမလည်ဘူး၊ ရေတကောင်း ဆိုသလိုလို ပြောသွားတာပဲ'

'သည်ဟာ မောင်မင်း ဘယ့်နှယ် အဓိပ္ပာယ်ရသလဲ'

'သည်ဟာ ကျွန်တော်ဖြင့် သွေးရူးသွေးတန်း ပြောတယ် ထင်ပါသည်။ အဓိပ္ပာယ် စဉ်းစား၍ မရပါ'

'မောင်မင်းနှင့် မောင်မင်း ဖခင် စကားများရတဲ့ အကြောင်းက ဘာအကြောင်းများလဲ'

'သည်အကြောင်းကိုတော့ ကျွန်တော် ထုတ်ဖော် မပြောပါရစေနှင့်'

'သည်အချက်ဟာ အရေးကြီးတယ်၊ မောင်မင်း ပြောရမယ်'

'သည်ဟာကို ကျွန်တော် မပြောပါရစေနှင့်၊ ယခု အမှုနှင့် ဘာမျှ မသက်ဆိုင်ပါ'

'သက်ဆိုင်တယ် မသက်ဆိုင်ဘူး ဆိုတာ ရုံးမင်း ဆုံးဖြတ်ဖို့အလုပ် ဖြစ်တယ်၊ သည်အကြောင်း မောင်မင်း မပြောလျှင် မောင်မင်းအပေါ်မှာ နစ်နာလိမ့်မယ်'

'သည်ဟာတော့ ကျွန်တော် မပြောပါရစေနှင့်'

'ဒါတော့ မောင်မင်း သဘောပေါ့၊ တီတူးခါးခါး ဆိုတဲ့ မြည်သံဟာ မောင်မင်းတို့ သားအဖ အထိမ်းအမှတ် ထားတာလား'

'မှန်ပါတယ်'

'ဒါဖြင့် ဘယ့်နှယ်ကြောင့် မောင်မင်း ရှိမှန်း မသိဘဲ မောင်မင်း ဖခင်က ခါလို မြည်ရသလဲ'

'သည်ဟာတော့ ကျွန်တော်လည်း မသိပါ'

'မောင်မင်း အဖ အော်သံကြားလို့ ပြေးသွားတော့ မောင်မင်း တစ်စုံတစ်ရာမျှ မတွေ့မြင်ရဘူးလား'

'ဘာမျှ ကျွန်တော် ထင်ထင်ရှားရှား မတွေ့မြင်ပါ'

'ထင်ထင်ရှားရှား မမြင်ရင် ရိုးတိုးရိပ်တိတ်ကော မြင်သလား'

'ကျွန်တော့်အဖေ မြေမှာ လဲနေတာ ကျွန်တော် မြင်တော့ စိတ်ထဲမှာ ထူပူပြီး ဘာကိုမျှ ကျွန်တော် ဂရုမစိုက်နိုင်ပါ။ သို့သော် ဖခင်ဆီကို ကျွန်တော် ပြေးသွားတုန်းကတော့ ကျွန်တော်နှင့် မလှမ်းမကမ်းမှာ ဝါတာတာ တစ်ခုတော့ ကျွန်တော် မြင်မိ

mgyoe.com

သလိုလို ရှိတာပဲ၊ အခု ကျွန်တော် စဉ်းစားကြည့်တော့ ပိုးစစ်ပဝါလိုလို ထင်တယ်။ ဖခင် သေမှန်းသိလို့ ကျွန်တော် ထပြီး တောင်မြောက်လေးပါး ကြည့်တော့ သည်ပဝါ ပျောက်သွားပါသည်'

'မင်း လူတွေကို သွားမခေါ်မီ ပဝါ ပျောက်သွားသလား'

'မှန်ပါတယ်'

'ပဝါ ဆိုတာ မောင်မင်း အမှန်ပြောဝံ့သလား'

'အမှန်တော့ ကျွန်တော် မပြောဝံ့ပါ။ စိတ်မှာ ထင်သည်ကိုသာ ပြောရပါသည်'

'ဖခင် အလောင်းနှင့် ပဝါနှင့် ဘယ်လောက် ဝေးသလဲ'

'အတောင် ၂၅ တောင်လောက် ဝေးသည် ထင်ပါသည်'

'ဒါဖြင့် မောင်မင်းနှင့် အတောင် ၂၅ ကွာဝေးသည့် နေရာတွင် ရှိသည့် ဝတ္ထုတစ်ခုကို တစ်စုံတစ်ယောက် လာရောက်ယူငင်သည်ကို မောင်မင်း အဘယ့်ကြောင့် မသိနိုင်သလဲ'

'ကျွန်တော်သည် ဖခင်ကို ပွေ့ယူသည့်အခါ ၎င်းဘက်သို့ ကျောခိုင်း၍ နေပါသည်'

အထက်ပါ စစ်ဆေးချက်ကို ဖတ်ရှုပြီးသကာလ ကျွန်တော်က

'ခုပုံဖြင့် ငပေါ်လာ ညာကြောင်း ထင်ရှားနေပါပြီကော လားဗျာ' ဟု ပြောလျှင် မောင်စံရှားက

'ဘာပြုလို့လဲဗျာ' ဟု မေးရာ

'ဘယ့်နှယ် ခင်ဗျားလူက သူရောက်ကြောင်း မသိခင် သူ့အဖေက ဘယ့်နှယ် ကြောင့် ဒီအထိမ်းအမှတ်နဲ့ ခေါ်ရသလဲဆိုတာ ကျေနပ်အောင် မပြောနိုင်ဘူး၊ ပြီးတော့ စကားများတဲ့ အကြောင်းကို ပြောပါဆိုတော့လည်း သူ မပြောနိုင်ဘူး၊ ဒီ့ပြင်လည်း သူ့အဖေ သေခါနီး ပြောသွားတဲ့ စကားဆိုတာမှာလည်း တောက်တီးတောက်တဲ့တွေ သူ ကြံပြီး ပြောတာ မဟုတ်ဘူးလားဗျ' ဟု ပြောလျှင် မောင်စံရှားလည်း အနည်းငယ် ပြုံးရယ်၍

'အင်း ခင်ဗျားလည်း အင်စပိတ်တော် မောင်အုန်းဖေ ကျောင်းက ထွက်လာတယ် မှတ်တယ်၊ ခင်ဗျားတို့ တွေးဆပုံတွေက တယ်မဆီမဆိုင် အမြီးအမောက်လည်း မတည့်ဘဲ ဟာကိုးဗျ၊ ခင်ဗျားတို့ ပြောပုံတော့ ငပေါ်လာဟာ အင်မတန် ဉာဏ်နည်းပါး တဲ့အတွက် ဖခင်နဲ့ ဘယ်အတွက် ရန်ဖြစ်တယ်ဆိုတာ ကြံဖန်ပြီး သည်အစိုးရ သနား

mgyoe.com

mgyoe.com 

လောက်အောင် မပြောတတ်ဘူးပေါ့လေ။ ကောင်းပြီ၊ ငပေါ်လာကို ဉာဏ်နည်းတယ် ထားလိုက်ကြစို့၊ ဒါဖြင့် ဘယ့်နှယ့်ကြောင့် ပဝါကို မြင်ပြီးမှ ပျောက်သွားတယ် ဆိုတဲ့အချက်နဲ့ မသေမီ သူ့အဖေက ပေါက်ပေါက်ရှာရှာ ရေတကောင်းအကြောင်း ပြောသွားတယ်ဆိုတဲ့ အချက်တွေကတော့ ငပေါ်လာ ကြံစည်ပြီး ပြောရအောင် ဉာဏ် များလှချည်ကလားဗျာ၊ ခင်ဗျားတို့က လူတစ်ယောက်တည်း အခု ဉာဏ်နည်းလိုက် အခု ဉာဏ်များလိုက် တတ်လည်းတတ်နိုင်တဲ့ လူတွေဗျာ၊ ခင်ဗျားတို့က ငပေါ်လာ အပေါ်မှာ ပြစ်မှုထင်ရှားစေဖို့ အချက်တွေဟာ ကျုပ်ကတော့ လွတ်ဖို့ချည်းပဲ မြင်နေ တယ်' ဟု ပြောဆဲတွင် အသက် ၂၀ ခန့်ရှိ ရုပ်ရည်ချောမော ပြေပြစ်သော သူငယ်မ တစ်ယောက်သည် သူကြီးအိမ်ပေါ်သို့ ပျာယီးပျာယာ တက်လာရာ ကျွန်တော်နှင့် မောင်စံရှားကို ကြည့်ပြီးလျှင် မိန်းမတို့၏ စူးရှသော ဉာဏ်ဖြင့် မောင်စံရှားသည် စုံထောက်ဖြစ်ကြောင်းကို သိသဖြင့် ၎င်းအား

'စုံထောက် ကိုစံရှားဆိုတာ ရှင်မှတ်တယ်၊ တစ်ဆိတ်လောက်ရှင်၊ ရှင် တတ်အား သမျှ ထောက်လှမ်းစုံစမ်းပေးပါ ရှင်၊ ကိုပေါ်လာ မသတ်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ သူနဲ့ ကျွန်မဟာ ငယ်ငယ်ကတည်းက ပေါင်းသင်းလာလို့ သူ့သဘောကို ကျွန်မ ကောင်းကောင်း သိပါတယ်၊ ဒီလူဟာ သူ့အဖေကို သတ်ဖို့ထားလို့ ပုရွက်ဆိတ်ကို တောင်သတ်တဲ့ လူစားမျိုးမဟုတ်ဘူးရှင့်၊ ဒီတော့ သူ့ကို လွတ်အောင် ရှင် အစွမ်းရှိ သလောက် ကြိုးစားပြီး စုံထောက်ပေးပါရှင်၊ ရှင့်ကျေးဇူးကို ကျွန်မက ဆပ်ပါ့မယ်' ဟု ပြောလျှင် မောင်စံရှားက

'ဒီအမှု၌ မောင်ပေါ်လာ လွတ်လမ်းရှိသည် ထင်သည်၊ ကျွန်ုပ်လည်း စွမ်းအား ရှိသလောက် အားထုတ်ပါမယ်၊ စိတ်ချပါ' ဟု ပြောရာ

'ကဲ ကျွန်မ ထင်တဲ့အတိုင်း မဟုတ်ဘူးလားရှင်၊ ဟောဒီ အင်စပိတ်တော် မင်းကတော့ ရှင့်ခေါ်ပေမဲ့ အလကားပါပဲတဲ့၊ အခုတော့ ဘယ့်နှယ်လဲရှင်' ဟု ပြောလျှင်

အင်စပိတ်တော် မောင်အုန်းဖေလည်း မယုံကြည်ဟန် လက္ခဏာနှင့် အနည်း ငယ်ပြုံး၍

'ကျုပ်တို့လူက တယ်ပြီး အမိဟွာယ် အယူအဆ အလျင်လိုဟန် လက္ခဏာ ရှိသည်' ဟု ပြောလေ၏။

ထိုအခါ မစောခင်က

'စုံထောက်ကြီးက အလျင်လိုတာ မဟုတ်ဘူးရှင့်၊ ရှင်တို့လူက အလျင်လိုတာ၊

mgyoe.com

ပြီးတော့လည်း မောင်ပေါ်လာက သူ့အဖနဲ့ ရန်ဖြစ်တဲ့အကြောင်း ထုတ်ဖော်မပြောတာလည်း ကျွန်မအကြောင်းပါလို့ အားနာလို့ ထည့်မပြောတာ ကျွန်မ သိတယ်'

'ဘယ်လို အကြောင်းလဲ'

'အခုမှတော့ ကျွန်မ အကုန်ဖွင့်ပြောလိုက်တော့မယ်၊ ဒီလိုရှင့်၊ မောင်ပေါ်လာနဲ့ ကျွန်မနဲ့က သမီးရည်းစားရှင့်၊ မောင်ပေါ်လာ အဖေကြီးကလည်း မုဆိုးဖိုကြီးရှင့်၊ သည် လူကြီးကလည်း အရွယ်နဲ့မလိုက် ကျွန်မကို ဖြီးစပ်စပ် လုပ်ချင်တယ်၊ ဒ့ါပြင်လည်း ဒီလူကြီးက ကျွန်မ အဖေအပေါ်မှာ ဘာကြောင့်မှန်းမသိဘူး အင်မတန် သြဇာရှိတယ်၊ ဘာမဆို သူပြောရင် ပြီးရော၊ ဒီမြေ လိုချင်တယ် ဆိုလည်း သူ့ကို ပေးရတယ်၊ ဒီအိမ်ဝယ်ပေးဆိုရင်လည်း သူ့ကို ပေးရတယ်၊ သူတို့က ငယ်ငယ်က အထက်ရွှေဘိုမြို့နားမှာ အတူတူ နေထိုင်ခဲ့ဖူးတယ် ဆိုပဲရှင့်၊ ဒါနဲ့ ဒီလူကြီးက ကျွန်မအဖေထံက လယ်များ အိမ်များကို တောင်းယူသလို ကျွန်မကိုလည်း သူ့ဖို့ တောင်းယူမယ်လို့ ကြံစည်တယ် ထင်တယ်။ မောင်ပေါ်လာနဲ့ သူ့အဖေနှင့် သည်အကြောင်းကြောင့် ခဏခဏ စကားများကြတယ်၊ ဒီနေ့ကလည်း ဒီအကြောင်းနဲ့ပဲ စကားများကြတယ် ထင်တယ်'

'မိန်းကလေးနဲ့ မောင်ပေါ်လာနဲ့ အကြောင်းကို မိန်းကလေးဖခင် သိသလား'

'ရိပ်တော့ နည်းနည်း ရိပ်မိတယ် ထင်တယ်'

'သဘောတူပုံ ရသလား'

'တူပုံ မရဘူး'

'နို့ မိန်းကလေးသဘော ဘယ့်နှယ်ရသလဲ'

'ကျွန်မတော့ ကျွန်မအဖေ သဘောမတူဘဲ ဘယ်သူမှ မယူဝံ့ပေဘူးရှင်၊ ကျွန်မတို့မှာ အဖေတစ်ခု သမီးတစ်ခု ဖြစ်ပြီး အဖေကလည်း ကျွန်မကို အင်မတန် ချစ်လည်း ချစ်တယ်၊ အလိုလည်း လိုက်တယ်၊ သို့သော်လည်း ကျွန်မ အဖေက မကျန်းမာဘူး၊ အဖေ မရှိမှဘဲ ကျွန်မ ထင်သလို လုပ်ဝံ့တော့မယ်'

'မိန်းကလေး ဖခင်နဲ့ သေလွန်သူ ဦးပြည့်စုံနဲ့ကတော့ ဘယ်မှာ တွေ့ဖူးတယ်'

'ရွှေဘိုနားက ရွာတစ်ရွာမှာ'

'ရွာနာမည် ဘယ့်နှယ်ခေါ်တယ်'

'နာမည်တော့ ကျွန်မ မသိဘူး'

'ကဲ ကောင်းပြီ၊ ကျုပ် တတ်အားသမျှ ကြိုးစားမယ်၊ ပြန်ပေတော့၊ စိတ်သာချသွား'

mgyoe.com

mgyoe.com

'ကျေးဇူးကြီးလှပါတယ်ရှင်၊ ကျွန်မ ပြန်ပါဦးမယ်' ဟု ပြော၍ မစောခင်လည်း အိမ်ပေါ်မှ ဆင်းသွားလေ၏။

မိန်းကလေး ဆင်းသွားလျှင် ကျွန်တော်တို့လည်း နံနက်စာ စားသောက်ကြ၍ မောင်စံရှားနှင့် မောင်အုန်းဖေတို့သည် တရားခံ ငပေါ်လာကို အချုပ်ထောင်သို့ သွားရောက် ကြည့်ရှုကြလေ၏။

ကျွန်တော့်မှာ ထောင်သို့ ဝင်ခွင့်မရသဖြင့် မလိုက်ရဘဲ အိမ်တွင်နေရင်း ၎င်းအမှုအကြောင်းကို ဉာဏ်မီသလောက် ချင့်ချိန်၍ စုံစမ်း၍ကြည့်ရာ မည်သို့ထင်ရမည် မပြောနိုင်အောင်ပင် ရှိလေ၏။

အကယ်၍ ငပေါ်လာ ပြောသည့်အတိုင်း မှန်ခဲ့ပါလျှင် ငပေါ်လာသည် ဖခင်နှင့် ရန်ဖြစ်၍ ထွက်သွားပြီးနောက် တစ်ခဏချင်းတွင် ၎င်း၏ဖခင်ကို မည်သည့် ရန်သူမျိုး လာရောက်သတ်ဖြတ်လေသနည်း။ ယင်းကဲ့သို့ ရုတ်တရက် ရှောင်တခင် ရန်သူ၏ လက်နက်နှင့် သေဆုံးရသည်ကို ကျွန်တော် စဉ်းစားရင်း ကြက်သီးမွေးညင်းထသဖြင့် တောင်မြောက်လေးပါးတို့ကို ကြည့်ရှုမိလေ၏။

ထို့ပြင် အမှုတွဲကို ဖတ်ကြည့်ရာ ဒဏ်ရာတို့မှာ ဦးခေါင်း၏ နောက်မှာသာလျှင် ရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူသည် နောက်မှနေ၍ ရိုက်နှက်ဟန် လက္ခဏာ ရှိသည်။ ငပေါ်လာသည် ဖခင်နှင့် ခိုက်ရန်ဖြစ်၍ ရိုက်နှက်ခဲ့ပါလျှင် ၎င်းတို့ နှစ်ဦးမှာ မျက်နှာချင်းဆိုင် ရှိနေကြ၍ ဒဏ်ရာတို့မှာ ရှေ့၌သာ ရှိရမည်ဖြစ်သောကြောင့် ငပေါ်လာ ပြောသည့်အတိုင်း ဟုတ်မှန်ရာ၏ဟု တွေးတော မိပြန်သည်။

သို့ရာတွင် ၎င်း၏အဖသည် စကားများပြီးသည့်နောက် နောက်သို့ ရုတ်တရက် လှည့်သည့်အခိုက်တွင် ငပေါ်လာသည် လက်တွင်ရှိသော ဝါးရင်းတုတ်နှင့် ရိုက်နှက်လျှင်လည်း ရိုက်နှက်တန်ရာ၏ဟု အောက်မေ့မိပြန်လေ၏။

ထို့ပြင် သေလွန်သူ ဦးပြည့်စုံသည် သေခါနီးတွင် ရေတကောင်း အကြောင်းကို ပေါက်ပေါက်ရှာရှာ အဘယ်ကြောင့် ပြောရလေသနည်း။ ထိုအကြောင်းသည် ငပေါ်လာ ကြံစည်၍ ပြောဟန်လည်း လက္ခဏာ မရှိချေ။ ကြံစည်၍ ပြောလျှင်လည်း ဤမျှလောက် မသက်ဆိုင်သော အရာကို ပြောမည် မဟုတ်။ သေလွန်သူသည် မိမိအား သတ်သူ၏ အမည်ကို ပြောရာ ပြော၍ မဆုံးမီ အသက်ပျောက်၍သွားဟန် လက္ခဏာ ရှိသည်။

ထိုမှတစ်ပါးလည်း ပဝါ အတ္တုပ္ပတ္တိကလည်း ရှိချေသေးသည်။ အကယ်စင်စစ်

mgyoe.com

mgyoe.com
ငပေါ်လာ ပြောသည့်အတိုင်း မှန်ချေလျှင် ဦးပြည့်စုံကို သတ်သူသည် တစ်စုံတစ်ရာ ကျကျန်နေ၍ ငပေါ်လာ ကျောခိုင်းနေခိုက်တွင် တစ်ဖန်ပြန်၍ ယူသွားဟန် လက္ခဏာ ရှိသည် စသည်ဖြင့် စဉ်းစားရင်း မောင်စံရှား ထင်သည့်အတိုင်း ဟုတ်လေသလော၊ သို့တည်းမဟုတ် ပုလိပ်တို့ ထင်မြင်ချက်အရ ငပေါ်လာပင် သတ်လေသလားဟု မဝေခွဲနိုင်အောင် ရှိနေလေ၏။

ဤသို့ တစ်ယောက်တည်း စဉ်းစားနေ၍ သုံးနာရီခန့် ရှိလျှင် မောင်စံရှားလည်း တစ်ယောက်တည်း ပြန်လာ၍

'တွေ့ဖြင့် တွေ့ခဲ့ပေပြီဗျာ၊ ကဲ မိုးတွေကလည်း ဆင် လာပြီ၊ မိုးမရွာခင် ဦးပြည့်စုံ သေတဲ့နေရာ ကျုပ်သွားကြည့်ရဦးမယ်၊ ခင်ဗျား လိုက်မယ် မဟုတ်လား'

'လိုက်မှာပေါ့၊ ဒါနဲ့ ငပေါ်လာ တွေ့ခဲ့တာ ဘာများ ထူးခဲ့သလဲ'

'ဘာမှ မထူးဘူး'

'တစ်စုံတစ်ရာမှ မထူးဘူးလား'

'ဩော် တစ်ခုတော့ ထူးခဲ့တယ်၊ အစတုန်းကတော့ ကျုပ်က ဒီအကောင်ဟာ သတ်တဲ့လူကို သူသိလျက်နဲ့ ဖုံးထားတယ် ထင်မိတယ်၊ အခုတော့ သူလည်း မသိ ကြောင်း ကျုပ် သိခဲ့ရတာ ထူးတယ်'

'သတ်တဲ့လူကော မထူးဘူးလား'

'ဒါကတော့ ကျုပ် အသေအချာ မပြောနိုင်သေးဘူး၊ သို့သော်လည်း ထူးတဲ့ အချက်နှစ်ခု ကျုပ် ပြောမယ်၊ တစ်ခုက သေလွန်သူ ဦးပြည့်စုံဟာ ရေကန်အနီးမှာ တစ်စုံတစ်ယောက်နဲ့အချိန်းအချက် ရှိရမယ်၊ ဒို့ပြင်တစ်ခုက ဦးပြည့်စုံဟာ သား ရောက်ကြောင်းကို မသိသေးဘဲလျက် တီတူးခါးခါးလို့ ခါလိုမြည်ပြီး အချက်ပေးတယ်၊ ဒီနှစ်ခု ထူးတယ်၊ ကဲ ဒီအကြောင်း ကွဲပြားအောင် သေတဲ့နေရာ သွားပြီး ကြည့်ကြစို့' ဟု ပြော၍ ကျွန်ုပ်တို့လည်း အိမ်ပေါ်မှ ဆင်းခဲ့ကြလျှင် အင်စပိတ်တော် မောင်အုန်းဖေ လည်း အိမ်တွင်းသို့ ဝင်လာလေ၍

'ဘယ့်နယ် အခုချက်ချင်း သွားတော့မလားဗျ'

'အခုသွားလိုက်မှ တော်တော်ကြာ မိုးတွေ ရွာလာရင် အကုန် ပျက်ကုန်လိမ့်မယ်' ဟု ပြော၍ ကျွန်ုပ်တို့ သုံးဦးသားတို့သည် ဦးပြည့်စုံ သေရာ ရေကန်အနီးသို့ သွားကြ လေ၏။

လမ်းတွင် မောင်စံရှားသည် အင်္ကျီအိတ်မှ တစ်စုံတစ်ခုကို ထုတ်၍ ကြည့်သဖြင့်
mgyoe.com

 mgyoe.com 

ကျွန်တော်က မေးရာ ၎င်းတို့မှာ ဦးပြည့်စုံ၏ အလောင်းရှိရာ ရန်ကုန်မြို့ ဆေးရုံကြီးမှ တိုင်းထွာယူခဲ့သော သေလွန်သူ ဦးပြည့်စုံ၏ ခြေရာနှင့် တရားခံ ငပေါ်လာ၏ ခြေရာများ ဖြစ်လေသည်။ မောင်အုန်းဖေလည်း ၎င်းတို့ကိုမြင်လျှင် ကျွန်တော်အား မျက်စပစ်ပြ၍ မောင်စံရှား မမြင်အောင် ပြုံးရယ်လေ၏။

မောင်စံရှားလည်း လမ်းတွင် စကားတစ်ခွန်းမျှ မပြောဘဲ ဆေးတံကိုသာ တစ်ဆုံပြီးလျှင် တစ်ဆုံထည့်၍ သောက်လျက် ၁၅ မိနစ်ခန့် လမ်းလျှောက်သွားမိလျှင် ကျွန်တော်တို့သည် ရေကန်သို့ ရောက်ကြလေ၏။

ဦးပြည့်စုံ သေဆုံးသည့် နေရာသို့ ရောက်လျှင် မောင်စံရှားမှာ အပေါ်အင်္ကျီတို့ကို ချွတ်ပုံလျက် ရှပ်အင်္ကျီလက်များကို ပင့်တင်ပြီးလျှင် အလွန်တရာ စိတ်အားထက်သန်သော အမူအရာဖြင့် ပြင်ဆင်လျက် ရှိလေ၏။

ကျွန်တော်လည်း မောင်စံရှား၏ အမူအရာကို မြင်လျှင် အံ့သြခြင်း ဖြစ်မိသည်မှာ မောင်စံရှားသည် ကျွန်တော်နှင့်အတူ အိမ်၌ နေစဉ်အခါတို့၌ လေးလံထိုင်းမှိုင်းသော အမူအရာဖြင့် မလှုပ်မရှားချင်ဘိသကဲ့သို့ ပျင်းရိသည့် လက္ခဏာရှိလေရာ ၎င်းနေရာသို့ ရောက်ရှိသကာလ ယုန်လိုက်မြဲဖြစ်သော မုဆိုး၏ ခွေးသည် ယုန်ကို မြင်သောအခါ နားရွက်များကို စွင့်ပြီးလျှင် မျက်စိများကို ပြူးလျက် မနေတတ် မထိုင်တတ် ဖြစ်နေဘိသကဲ့သို့ လည်းကောင်း၊ ပြိုင်မြင်းတို့သည် တာပတ်ကွင်းသို့ ရောက်သည့်အခါ ပြေးလွှားလိုလှသဖြင့် ဇက်ကိုမျှ ချုပ်၍မရအောင် ခုန်ပေါက်မြူးထူးလျက် ရှိဘိသကဲ့သို့ လည်းကောင်း အလွန်တရာ ဖျတ်လတ်လျက် နဖူး၊ လည်ပင်း စသည်တို့၌ အကြောပြိုင်းပြိုင်းထအောင် စိတ်အားထက်သန်လျက် ရှိလေ၏။

မောင်အုန်းဖေလည်း ရေကန်အနီးတွင် ဦးပြည့်စုံ၏ အလောင်းတွေ့ရှိသော နေရာကို ပြလျှင် ထိုနေရာ၌ မြေတို့သည် ရေနီးသဖြင့် အနည်းငယ် ပျော့နေသဖြင့် ကျွန်တော်သည် ဦးပြည့်စုံ လဲသည့်အရာကိုပင် မြေပေါ်တွင် မြင်မိလေ၏။

မောင်စံရှားလည်း အင်္ကျီအိတ်မှ ခြေရာတို့နှင့် မှန် ဘီလူးငယ်တစ်ခုကို ယူပြီးလျှင် အလောင်းရှိရာ နေရာအနီးတွင် ဒူးထောက်ကာ ဝပ်တွားလျက် မြေကြီးတို့ကို မှန်ဘီလူးဖြင့် သေချာစွာ လိုက်၍ ကြည့်လေ၏။

ထိုသို့ ကြည့်နေစဉ်အခါ အမဲလိုက်ခွေးသည် ယုန်နံ့ရသဖြင့် မြေတွင် အနံ့ခံပြီးလျှင် တောင်ပြေး မြောက်ပြေး ရှိသည့် အမူအရာနှင့် တူလှချေသည်ဟု ကျွန်တော်၏ စိတ်တွင် ထင်မိလေ၏။

mgyoe.com

ငါးမိနစ်ခန့်ရှိလျှင် မောင်စံရှားလည်း လေးဖက်ထောက် နေရာမှထ၍ မောင်အုန်းဖေအား

'ခင်ဗျား ဘယ့်နှယ်ကြောင့် ရေကန်ထဲ ဆင်းရသလဲ' ဟု မေးရာ

'ရေကန်ထဲမှာ လက်နက် တစ်စုံတစ်ခု တွေ့မလားလို့ ကျုပ် တစ်နေ့က ဆင်းမိတယ်၊ သို့သော် ကျွန်တော် ဆင်းသည့် အကြောင်းကို ခင်ဗျား'

'အို၊ ဒါတွေ မမေးစမ်းပါနဲ့၊ ကျုပ်ပြောဖို့ အချိန်မရှိသေးဘူး၊ ဟောဒီ ဘယ်ဘက်ခွာ တစ်ဖက်နိမ့်နဲ့ ခြေရာ ခင်ဗျားခြေရာ မဟုတ်ဘူးလား၊ ဟောဒီက လာပြီး ဟောသည် ရေကန်ထဲ ခြေရာပျောက်သွားတယ်၊ ကျုပ် စောစောက လာရင်ဖြင့် ဒီလောက်ခက်မယ် မဟုတ်ဘူး၊ အခုတော့ တကတဲ ခြေရာတွေကို ရှုပ်ထွေးလို့၊ သို့သော် ဟောဒီ ခြေရာတစ်ခုဟာ ဒီနေရာမှာ သုံးခါ ပျောက်သွားတယ်' ဟု ပြော၍ မောင်စံရှားသည် ၎င်းခြေရာကို သေချာစွာ မှန်ဘီလူးဖြင့် ကြည့်ပြီးလျှင် ကျွန်တော်တို့ကို မပြောဘဲ တစ်ကိုယ်တည်း ပြောနေဘိသကဲ့သို့ ပြောလျက်

'ဟောဒါကတော့ ငပေါ်လာ ခြေရာ၊ ဒီနေရာမှာ သူ နှစ်ကြိမ်လျှောက်တယ်၊ ဟောဒါက ခြေဖနောင့်ရာ ကောင်းကောင်း မထင်ဘူး၊ ရှေ့ကိုသာ အားပြုလို့ ရှေ့ပိုင်း ခြေရာသာ ထင်တယ်၊ သူ ပြေးလာတဲ့ခြေရာ ဧကန် ဖြစ်ရမယ်၊ ဒီခြေရာကို ကြည့်ခြင်း အားဖြင့် သူ့ဖခင် အော်သံကြားလို့ သူပြေးလာတယ်ဆိုတာ မှန်တဲ့လက္ခဏာ ရှိတယ်၊ ဟောဒါက သူ့အဖေ ဦးပြည့်စုံ ခြေရာပဲ။ သူ ဒီနေရာမှာ စင်္ကြံလျှောက်နေတဲ့ လက္ခဏာ ရှိတယ်၊ သူ့ခြေရာ အင်မတန် များတယ်၊ အလို ဒီဟာက ဘာလဲ၊ သြော် ငပေါ်လာ သူ့အဖေနဲ့ စကားပြောနေတုန်း တုတ်ထောက်နေတဲ့ တုတ်ရာပဲ၊ အလို ဒီဟာက ဘာတွေလဲ၊ အလဲ့ တယ်ထူးဆန်းပါလား၊ ခြေဖျားထောက်ပြီးသွားတဲ့ ခြေရာတွေပါ ကလား၊ ခြေရာကလည်း ခြေဖြက်ကျယ်ကြီးပါကလား၊ ဒီမှာ သူ လာတယ်၊ ဒီမှာ သူ ပြန်သွားတယ်၊ ဒီမှာ ပြန်လာပြန်ပြီ၊ သြော် ပဝါကျန်ရစ်လို့ ဟုတ်ပြီ၊ သို့သော် သူ ဘယ်ဆီက လာသလဲ' ဟု မေး၍ မောင်စံရှားသည် ၎င်းခြေရာအတိုင်း တဖြည်းဖြည်း လိုက်သွားရာ ကန်နှင့် မနီးမဝေးတွင် ညောင်ပင်ကြီး တစ်ပင်သို့ ရောက်လေ၏။

ညောင်ပင်ကြီးသို့ ရောက်လျှင် မောင်စံရှားလည်း ညောင်ပင်၏ အခြားဘက်သို့ လိုက်သွား၍ မျက်နှာကို မြေနှင့် ထိလုအောင် သေချာစွာ ကြည့်နေရာမှ တစ်စုံတစ်ခုကို တွေ့ရှိသဖြင့် စိတ်ကျေနပ်သည့် လက္ခဏာနှင့် အလျား မှောက်လျက်နေလေ၏။ ထိုသို့နေရင်း မောင်စံရှားသည် သစ်ရွက်ခြောက်ကလေးများနှင့် တုတ်အကျိုးအပဲ့

mgyoe.com

ကလေးများကို ဖယ်လှန်ရှာဖွေလျက် မြေမှုန့်အနည်းငယ်ကိုလည်း ကျုံးယူ၍ စက္ကူ တစ်ခုနှင့် ထုပ်ပြီးလျှင် အိတ်တွင်းသို့ ထည့်ပြီးမှ ညောင်ပင်အခေါင်းတို့ကိုလည်း မိမိ အရပ်မီသလောက် သေချာစွာ မှန်ဘီလူးဖြင့် ကြည့်လျက်နေလေ၏။

ငင်းနောက် ကျောက်တုံးတစ်ခုကို တွေ့ရှိရာ ၎င်းကိုလည်း သေချာစွာ ကြည့်ရှု ပြီးလျှင် လိုက်လံရှာဖွေပြန်ရာ ကျောက်တုံးနှင့် အံကျနေသော အရာတစ်ခုကို တွေ့၍ ထည့်ကြည့်ပြီး ကျောက်တုံးကို သိမ်းထားလိုက်လေ၏။ ၎င်းနောက် တစ်ဖန် ဒူးထောက်၍ လိုက်သွားပြန်ရာ လမ်းဆုံသို့ရောက်လျှင် ခြေရာလည်း ပျောက်သွားဟန် လက္ခဏာ ရှိလေ၏။

မောင်စံရှားလည်း လမ်းဆုံးသို့ရောက်လျှင် ဝပ်တွားရာမှ ထ၍

'ဒီအမှုက တော်တော်ကလေး မှတ်သားဖို့ အကောင်းသားပဲ။ ဟောဟိုက မြင်ရတာ ငပေါ်လာတို့အိမ် မှတ်တယ်၊ ကျုပ် ခဏဝင်ပြီး စာကလေးတစ်စောင် ရေးခဲ့ဦးမယ်၊ ခင်ဗျားတို့ ဒီအနားက ခဏစောင့်ပါဦး' ဟု ပြော၍ ထွက်သွားလေ၏။

ကျွန်တော်နှင့် မောင်အုန်းဖေတို့မှာ နားမလည်နိုင်သော မျက်နှာထားတို့နှင့် တစ်ယောက်တစ်ယောက် စကားမပြောဘဲ စောင့်ဆိုင်းနေကြလေ၏။ ၁၀ မိနစ်ခန့် ရှိလျှင် မောင်စံရှားလည်း လာ၍ မိမိ ကောက်ယူခဲ့သော ကျောက်တုံးကို မောင်အုန်းဖေ အား ပေးပြီးလျှင်

'ဒီကျောက်တုံးက တစ်ဆိတ် အရေးကြီးတယ်၊ ခင်ဗျား သိမ်းထားလိုက်ပါ၊ ဦးပြည့်စုံ သေတာ ဒီကျောက်တုံးနဲ့ ထုသတ်လို့ သေတာပဲ'

'ကျောက်တုံးမှာ ထုရာလည်း မမြင်ပါလားဗျာ'

'အင်း၊ ဟုတ်တယ်၊ အရာမရှိဘူး'

'ဒါဖြင့် ခင်ဗျား ဘယ့်နှယ် သိသလဲ'

'ကျောက်တုံးအောက်မှာ မြက်ပေါက်နေသည်ကို တွေ့သဖြင့် ၎င်းကျောက်တုံး သည် ထိုနေရာသို့ ရောက်သည်မှာ ရက်ပေါင်းများစွာ မကြာသေးကြောင်းကို သိရှိ ရသည်။ ထို့ပြင် ထိုကျောက်တုံးကို ထုတ်ယူသော နေရာတစ်ခုကိုလည်း ထိုအနီးတွင် တွေ့ရှိရသည်။ ထိုကျောက်တုံးသည် ဦးပြည့်စုံ ဦးခေါင်းတွင်ရှိသော ဒဏ်ရာတို့နှင့် လည်း ကိုက်၍နေသည့်ပြင် အခြားလက်နက်လည်း ကျွန်ုပ် ကြည့်၍ မမြင်ခြင်းဖြင့် သိနိုင်သည်' ဟု ပြောလေ၏။

'ဒါဖြင့် သတ်တဲ့သူကတော့ ဘယ်သူလဲ' ဟု မောင်အုန်းဖေက မယုံ့တယုံနှင့်

mgyoe.com

မေးရာ

'သတ်သည့်သူမှာ အရပ်ရှည်ရှည်၊ ဘယ်သန်၊ ညာခြေ ဆွံ့နေသည်၊ ခြေဖဝါး သူများထက် ဖြက်ကျယ်သည်၊ ဂေါ်ရင်ဂျီအစစ် ဆေးပြင်းလိပ်ကို သောက်သည်၊ ဆေးလိပ်ကို အစွပ်နှင့် သောက်တတ်သည်၊ ပိုးစစ်ပဝါ ခေါင်းပေါင်းကို ပေါင်းတတ်သည်' ဟု ပြောလျှင် မောင်အုန်းဖေလည်း ရယ်မောလျက်

'ခင်ဗျားအတွေးကတော့ ဟုတ်ပါပြီ၊ သို့သော် ရုံးမင်းက သည်လောက်နဲ့ မကျေနပ်ပေဘူးဗျ' ဟု ပြောရာ

'ခင်ဗျားလည်း ခင်ဗျားနည်းနဲ့ ခင်ဗျား၊ ကျုပ်လည်း ကျုပ်နည်းနဲ့ ကျုပ်၊ ကိုယ်ထင်သလို ကိုယ်လုပ်ကြတာပေါ့၊ ကဲ ဒီကနေ့ညနေ ကျုပ် အလုပ်နည်းနည်းများ လိမ့်မယ်၊ ယနေ့ညရထားနဲ့ ကျုပ်တို့ ပြန်မယ်'

'ဒါဖြင့် ဒီအမှု ဒီလို မပြီးမပြတ်ဘဲ ထားခဲ့တော့မယ်လား'

'ပြီးပါပြီကောဗျ'

'ဒါဖြင့် သတ်တဲ့လူ ဘယ်သူလဲ'

'ကျုပ် ပြောတဲ့လူပဲ'

'နာမည်ကော ဘယ်သူတဲ့လဲဗျ'

'ဒီဟာ ရှာကလေးပဲဗျာ၊ ခင်ဗျား ဒီလောက်မှ တွေ့အောင် မရှာနိုင်ဘူးလား'

'ခင်ဗျား ပြောသလို ဘယ်သန်၊ ညာခြေဆွံ့တဲ့ လူတစ်ယောက် ကျုပ် လိုက်ရှာလို့ ရယ်စရာ ဖြစ်မှာပေါ့ဗျ'

'ဒါဖြင့် ခင်ဗျားသဘောပဲ၊ ဟောဟိုမှာ ခင်ဗျား လူတစ်ယောက် မဟုတ်လား၊ ကိုင်း နေရစ်ပေဦးတော့၊ ကျုပ်တို့ ပြန်ဦးမယ်'

ရှာသူကြီး အိမ်သို့ ရောက်လျှင် မောင်စံရှားလည်း အနည်းငယ် မျက်နှာမသာဘဲ အတန်ကြာ စဉ်းစားလျက်ရှိစဉ် စာပို့ ပြာတာတစ်ယောက်သည် အထုပ်တစ်ခုကို ယူလာ၍ မောင်စံရှားအား ပေးလေ၏။ မောင်စံရှားလည်း အထုပ်ကို ဖြေပြီးလျှင် ၎င်းတွင် ပါရှိသည့် မြေပုံတစ်ခုကို ဖြန့်ကြည့်၍ အတန်ကြာ လိုက်လံရှာဖွေပြီးနောက် တစ်စုံ တစ်ခုကို တွေ့ရှိသဖြင့်

'အင်း သည်ရှာပဲ' ဟု ပြောပြီးလျှင် မြေပုံကို ပိတ်ထားလိုက်လေ၏။ ၎င်း နောက်

'ကဲ ကိုသိန်းမောင်၊ ကျုပ်ဖြင့် ဘယ့်နှယ်လုပ်ရမယ် မပြောတတ်ဘူး၊ အင်မတန်

mgyoe.com

ခွကျနေပြီ၊ ဒီအနား တိုးစမ်းပါဦး၊ ကဲ ဆေးလိပ်များသောက်ပြီး နားထောင်စမ်းပါဗျာ၊ ကျုပ် ပြောစမ်းပါရစေ' ဟု ပြော၍ ကျွန်တော်လည်း ဆေးလိပ်ကို ညှိလျက် အလွန်ကြားလိုသော ဆန္ဒရှိသည့် အလျောက် နားစိုက်၍နေလျှင်

'ဒီအမှုမှာ ထူးတဲ့အချက်က နှစ်ခုရှိတယ် မဟုတ်လား၊ တစ်ချက်က မောင်ပေါ်လာ ပြောတဲ့အတိုင်း သူရှိမှန်း မသိခင် သူ့ဖခင်က 'တီတူးခါးခါး' လို့ မြည်ပြီး အချက်ပေးတယ်၊ ဒို့ပြင်တစ်ချက်က ဦးပြည့်စုံက သေခါနီးမှာ တစ်စုံတစ်ယောက်အကြောင်း ပြောတော့ မောင်ပေါ်လာက အစအဆုံး မကြားလိုက်ဘဲ 'ရေတကောင်း' ဆိုသလိုလို ကြားလိုက်ရတယ်၊ ကောင်းပြီ၊ ဒီတော့ ကျုပ်တို့က မောင်ပေါ်လာသည် သူ့ဖခင်ကို မသတ်ဘူးလို့ ဆိုပြီး လိုက်ကြစို့'

'တီတူးခါးခါး ဆိုတဲ့ အကြောင်းကတော့ ဘယ့်နှယ်ဟာလဲ'

'ဒီလိုဗျ၊ သည်အထိမ်းအမှတ်ဟာ သူတို့သားအဖနှစ်ယောက်ထားတဲ့ အထိမ်းအမှတ် ဆိုပေမဲ့ သည်အခါမှာ မောင်ပေါ်လာ ရှိကြောင်းကို ဦးပြည့်စုံ မသိသည့်အတွက် သူ့ကို ခေါ်တယ်လို့ ကျုပ်တို့ မယူဆသင့်ဘူး၊ ဒို့ပြင် အထိမ်းအမှတ်တူ လူတစ်ယောက်ကို ခေါ်တဲ့ လက္ခဏာ ရှိတယ်၊ သည့်ပြင်လည်း တီတူးခါးခါး ဆိုတဲ့ အထိမ်းအမှတ်မျိုးဟာ ရွှေဘိုနယ်ဆီမှာ ခါတည်သမားတွေ ထားတတ်တဲ့ အထိမ်းအမှတ်မျိုး ဖြစ်တယ်၊ ဒီတော့ ဦးပြည့်စုံ တွေ့လိုတဲ့လူဟာ သည်အထိမ်းအမှတ်မျိုးကို နားလည်သူ ရွှေဘိုနယ်သား ဖြစ်ရမယ်'

'ဒါဖြင့် ရေတကောင်း ဆိုတာကကော ဘယ့်နှယ်လဲ' ဟု ကျွန်တော်က စိတ်ပေါက်၍ မေးမြန်းသောအခါ မောင်စံရှားသည် ယခင်က မြေပုံကို ဖြေ၍ လက်ဖြင့် တစ်နေရာ၌ ပိတ်ပြီးလျှင်

'ဒီဟာ ဘယ့်နှယ် ဖတ်သလဲ' ဟု မေးရာ ကျွန်တော်လည်း 'တကောင်း' ဟု ဖတ်လေ၏။ ၎င်းနောက် လက်ကို ဖွင့်၍ အဖတ်ခိုင်းပြန်ရာ ကျွန်တော်လည်း 'တကောင်းပင်ရွာ' ဟု ဖတ်လိုက်လေ၏။

ထိုအခါ မောင်စံရှားက

'အဲဒါပဲ၊ ဦးပြည့်စုံ ပြောသွားတာ၊ သူ ပြောချင်တာက 'တကောင်းပင်ရွာသား မည်သူမည်ဝါ' လို့ သူ ပြောမယ်လို့ လုပ်တုန်း မပြောနိုင်တဲ့အတွက် တကောင်းလို့ ပြောခါ ရှိသေးတယ်၊ အသက်ထွက်သွားတဲ့လက္ခဏာ ရှိတယ်၊ ကျုပ်တို့ ဟို 'ဒု-သ-န-သော' ဆိုသလိုပေါ့ဗျာ၊ ပြောချင်တာတွေ မပြောလိုက်ရခင် ကြေးအိုးကြီးထဲ

mgyoe.com

နစ်သွားလို့ 'ဒု' နဲ့ ပြီးသူကပြီး၊ 'သ' နဲ့ ပြီးသူကပြီး၊ သည်လိုပေါ့'

'အံ့သြစရာ ကောင်းလိုက်လေဗျာ'

'မအံ့သြနဲ့ဗျို၊ သူ့ဟာက အင်မတန် ထင်ရှားနေတာကပဲ၊ ကဲ ကျုပ်တို့ အခု ရှာဖို့ တော်တော် နယ်ကျဉ်းသွားပြီ မဟုတ်လား၊ ပြီးတော့ ပိုးစစ်ပဝါဆိုတဲ့ ဥစ္စာကလည်း မောင်ပေါ်လာ ပြောတာကို ယုံလက်စနဲ့ ယုံရရင် တကယ် မေ့ကျန်ရစ်တယ်လို့ ကျုပ်တို့ ယူရမယ်၊ သည်တော့ ကျုပ်တို့ အခု ဘာရသလဲ၊ သတ်တဲ့လူဟာ ရွှေဘိုနယ် တကောင်းပင်ရွာသား၊ ပိုးစစ်ပဝါ ခေါင်းပေါင်းနဲ့ဆိုတာ သိရပြီ မဟုတ်လား'

'ဟုတ်ပေတယ်'

'ပြီးတော့ ကျုပ်တို့ ယနေ့ စုံထောက်လို့ ရခဲ့တာက ဘာလဲ၊ ခင်ဗျား သိပြီးပြီ မဟုတ်လား'

'သိတော့ သိပါပြီ၊ သို့သော် ဒီဟာ ခင်ဗျား ဘယ့်နှယ် သိသလဲ'

'သိပုံက ဒီလိုဗျို၊ ခြေလှမ်းကျဲသည်ကို ထောက်ချင့်၍ အရပ်မြင့်ကြောင်းကို ကျုပ် သိရတယ်၊ အများအားဖြင့် လူပုဟာ ခြေလှမ်းစိပ်ပြီး၊ လူရှည်ရင် ခြေလှမ်းကျဲတယ် မဟုတ်လား၊ အဲဒါပဲ'

'ခြေဆွံ့တာကကော'

'ထိုသူ၏ လက်ယာဘက်ခြေရာသည် လက်ဝဲဘက် ခြေရာလောက် ထင်ရှားအောင် မထင်သည့်အတွက် လက်ယာဘက်ကို အားမပြုဘဲ လက်ဝဲဘက်သို့သာ အားပြု၍နင်းကြောင်း သိရသည်။ ဤသို့ တစ်ဖက်သတ် အားပြုသော ခြေရာသည် အားမပြုသည့်ဘက်၌ မစွမ်းမသန်သည့် အကြောင်းကို သိရသဖြင့် လက်ယာခြေဆွံ့ကြောင်းကို ကျုပ် သိသည်'

'ဘယ်သန်ဆိုတဲ့ အကြောင်းကကော'

'သြော်၊ ဒီအကြောင်းက သည်လိုဗျို၊ ရန်ကုန်ဆေးရုံကြီးမှာ ဦးပြည့်စုံ အလောင်းကို ကျုပ် ကြည့်ခဲ့တုန်းက ဒဏ်ရာဟာ လက်ဝဲဘက်မှာ ရှိတယ်၊ ပြီးတော့လည်း ဆရာဝန် ထင်မြင်ချက်က ၎င်းဒဏ်ရာသည် အနီးမှကပ်၍ ရိုက်နှက်သော ဒဏ်ရာ ဖြစ်တန်သည်ဟု ဆိုတယ် မဟုတ်လား၊ ဒီတော့ လူတစ်ယောက် ဦးခေါင်းကို နောက်က ကပ်ပြီး ဘယ်သန် မဟုတ်ဘဲ ဘယ်ဘက်ကို ဘယ့်နှယ်လုပ်ပြီး ထုရိုက်နိုင်မလဲဗျို၊ ဒီလူက သားအဖနှစ်ယောက် စကားများနေကြတော့ သစ်ပင်နောက်မှာ ထိုင်ပြီး ဆေးလိပ်များတောင် သောက်နေသေးတယ်၊ သူ့ဆေးလိပ်တိုနဲ့ ဆေးလိပ်ပြာကို ကျုပ်

mgyoe.com

mgyoe.com
တွေ့တယ်၊ ပြာကို ကြည့်တော့ ပြာအမျိုးမျိုးအကြောင်း ကျုပ်အထူးသဖြင့် စုံစမ်းခဲ့လို့ ဂေါ်ရင်ဂျီအစစ်က ဆေးပြာဖြစ်နေကြောင်း ကျုပ် သိရတယ်'

'ဆေးစွပ်နဲ့ သောက်တဲ့ အကြောင်းကောဗျာ'

'သူ့ဆေးလိပ်ကို ကြည့်တော့ ပါးစပ်နဲ့ မထိတဲ့အကြောင်း ကျုပ်သိလို့ ဆေးစွပ်နဲ့ သောက်တယ်လို့ ကျုပ် ဆိုတယ်'

'ဟုတ်ပဲ ဟုတ်ပါပေတယ်ဗျာ၊ တယ်ကောင်း၊ တယ်ထင်ရှား၊ ဒါဖြင့် သတ်တဲ့လူ ဘယ်သူလဲဗျာ၊ ခင်ဗျား တွေးမိပြီလား'

'သတ်တဲ့လူလား၊ သတ်တဲ့လူ'ဟု ပြောဆဲတွင် အသက် ၅၀ ကျော် ၆၀ ခန့်ရှိ၍ များစွာ ကျန်းမာဟန် လက္ခဏာ မရှိသော အဘိုးကြီးတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာလျှင် မောင်စံရှားလည်း နေရာထိုင်ခင်းပေး၍

'ကျွန်တော့် စာကလေး ရပါသလား ခင်ဗျာ' ဟု မေးရာ

'ဟုတ်တယ်၊ ကျုပ် အခုပဲ ရတယ်၊ လူသိမှာစိုးရင် သူကြီးအိမ် လာခဲ့ပါဆိုလို့ ကျုပ် လာတယ်၊ ဘာကိစ္စပါလဲ မောင်' ဟု ပြော၍ မောင်စံရှား၏ မျက်နှာကို အကဲခတ်လျက်နေရာ မောင်စံရှားက

'ဦးပြည့်စုံ သေတဲ့အကြောင်း ကျွန်တော် အလုံးစုံ သိပြီပဲ' ဟု ပြောလျှင် အဘိုးကြီးလည်း 'ဘုရား ဘုရား' ဟု ပြောလျက် သက်ပြင်းချ၍ ထိုင်လေ၏။

'သို့သော် ဒီလိုပါ မောင်ရယ်၊ သည်သူငယ်ကို သည်လို စွပ်စွဲခံရမယ်လို့ ကျုပ် မသိမိပါဘူး၊ တကယ်လို့ ရုံးမင်းများ စစ်ဆေးတဲ့အခါကျလျှင်လည်း ကျုပ်က မှန်တဲ့အတိုင်း အစစ်ခံမယ်လို့ ကြံရွယ်လျက်ပါပဲ'

'ဒီအတိုင်းမှန်ရင် ကောင်းပါလေရဲ့ဗျာ'

'မှန်ပါတယ် မောင်ရယ်၊ ဒီအတိုင်းပါပဲ၊ ကျုပ်လည်း သေခါနီးပါပြီ၊ လိမ်မပြောပါဘူး၊ ကျုပ်က နဂိုက တယ်ပြီး မကျန်းမာရတဲ့အထဲ သည်လိုဖြစ်ပြီး ဒီသူငယ်ကလေး ဖမ်းထားတယ်ဆိုကတည်းက ကျုပ်ရောဂါတိုးပြီး အခု ဒီလာတာတောင် မနည်းခဲလာခဲ့ရပါတယ်၊ ကျုပ်လည်း ကြိုးမိန့်မပေးခင် သေရမှာပါ၊ မထူးပါဘူး' ဟု ပြောလျှင် မောင်စံရှားလည်း မင်အိုး၊ ကလောင်တံနှင့် စက္ကူများကို ယူပြီးလျှင်

'ယခု အမှုက ဒီလိုပါ ဦးရယ်၊ ကျွန်တော်က အစိုးရ စုံထောက် မဟုတ်ပါဘူး၊ ဦးသမီး မစောခင်က ကျွန်တော့်ကို ငှားလို့ သူ့အကျိုး ကျွန်တော် လာခဲ့ရပါတယ်၊ ဒီတော့ ဦးက အမှန်အတိုင်း အကုန်ပြောပါ၊ ဦး ဝန်ခံချက်ကို ကျွန်တော်က ရေးပြီး
mgyoe.com

ဦးက လက်မှတ်ထိုး၊ ဟောဒီက ကိုသိန်းမောင်ကလည်း သက်သေအဖြစ် လက်မှတ်ထိုး၊ ဒီဝန်ခံချက်ကို တကယ့် အကျဉ်းအကျပ်ကျမှ ကျွန်တော် ထုတ်ပြပါမယ်၊ မပြဘဲ ပြီးနိုင်လျှင်လည်း ပြီးပါစေမယ်၊ ဒီဟာက မောင်ပေါ်လာ လွတ်ဖို့အတွက် လိုလိုမည်မည် ယူထားရတာပါ၊ ဦးကို ဖမ်းဆီးဖို့ မဟုတ်ပါဘူး' ဟု ပြောလျှင် ဦးသာပေါလည်း မိမိ အတ္ထုပ္ပတ္တိကို အောက်ပါအတိုင်း ပြန်ပြောလေ၏။

'ဒီ ငပြည့်စုံဟာ အင်မတန် မကောင်းသား ဆိုးရွားတဲ့ လူတစ်ယောက်ပါ မောင်ရယ်၊ ကျုပ် သူ့လက်တွင်း ရောက်နေတာ အနှစ် ၂၀ နီးနီး ရှိနေပြီ။ ကျုပ် စိတ်ကို သူ နေ့ရှိသမျှ ညှဉ်းဆဲနေတယ်၊ အစက ဒီလို မောင်ရဲ့၊ ကျုပ်က ရွှေဘိုတောင်လက် တကောင်းပင်ရွာသား ဇာတိ။ ငယ်ငယ်ကတော့ ငယ်တဲ့အလျောက် ဆိုးခဲ့ မိုက်ခဲ့တယ် ပေါ့လေ၊ တကောင်းပင်ရွာသား ဗိုလ်သာပေါဆိုတာ ကျုပ်ပေါ့၊ ဒါနဲ့ မြန်မာနိုင်ငံ အထက်ပိုင်းကို အင်္ဂလိပ်မင်းသိမ်းစက ကျုပ်က ဓားပြလုပ်နေသေးတာကိုး။ ဒီအခါက ဝင်းဇင်းဆိုတဲ့ ရွာတစ်ရွာ ဝင်စီးပြီး ပစ္စည်းများ တောင်းရမ်းတော့ ဒီအကောင်က ရွာဆော်ကလေးကိုး မောင်ရဲ့၊ သူက ကျုပ်ကို သည်တုန်းက မှတ်မိလိုက်တယ်၊ ဒါနဲ့ နောက် တိုင်းပြည်ငြိမ်သက်တော့ ကျုပ်လည်း ပိုက်ဆံကြေးငွေ တော်တော်ကလေး စုမိလို့ အထက်မှာဖြင့် နေလို့ မတော်ဘူး ဆိုပြီး အောက်စုန်ဆင်းလာ၊ သည်ရွာဟာ နည်းနည်းချောင်သလိုမို့ လယ်မြေကလေးများ ဝယ်ခြမ်းပြီး နေထိုင်ခဲ့၊ တစ်နေ့သဥ္စာတော့ ဆူးလေဘုရားလမ်းပေါ်မှာ သည်ငပြည့်စုံက ကျုပ်ကျောပုတ်ပြီး အောင်မယ် ခင်ဗျားနဲ့ တွေ့တာ အဆင်သင့်လိုက်တာတဲ့၊ ကျုပ်မှာ ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေ၍ ခင်ဗျားနဲ့အတူ လိုက်ပြီးနေမှ တော်မယ်တဲ့၊ ဒီလိုမှ မနေရရင်ဖြင့် ခင်ဗျား အင်္ဂလိပ်မင်း ဥပဒေ သိတယ် မဟုတ်လားတဲ့၊ ဒီနေ့ကစပြီး သူလည်း ကျုပ်နဲ့လိုက်ပြီး အတူနေထိုင်၊ ကျုပ်လယ်မြေကို သူလိုချင် မပေးဘဲ မနေဝံ့လို့ ပေးရ၊ လတိုင်း ကျုပ်ကို ဒီအလုံးနဲ့ လာလာပြီး ညှဉ်းနေတယ်၊ ဒီဟာတွေ ညှဉ်းတာကတော့ ရှိပါစေဦးတော့ မောင်ရယ်၊ တစ်နေ့ကတော့ သူက ကျုပ်ကို တွေ့ချင်တယ်ဆိုလို့ ရေကန်နား အချိန်းအချက်ပေး ခေါ်၊ ကျုပ်ရောက်တော့ လားလား သားအဖနှစ်ယောက်က ကျုပ်သမီး သူယူမယ် ငါယူမယ်နဲ့ တကတဲ သူတို့ လိုချင်တိုင်း ရမယ့်အတိုင်း ငြင်းခုံ ရန်ဖြစ်နေလိုက်ကြတာ၊ ကျုပ်က ညောင်ပင်ကြီးအောက်က ကြားနေရတာကိုး၊ ကြားရတော့ ကျုပ်က ငယ်စိတ်ကလေး ပေါက်လာပြီး ဒီအကောင် ငါသည် တစ်ခါသတ်လိုက်ရရင်ဖြင့် နောက် ငါ့ကို မနှောင့်ယှက်နိုင်ပေဘူး အောက်မေ့ပြီး သူ့သား သွားတုန်း အနားက ကျောက်တုံး

mgyoe.com

mgyoe.com


တစ်တုံး အခန့်သင့် တွေ့တာနဲ့ နောက်က နေပြီး တအားထုလိုက်တာ မိုက်စတုံးလေ ရော'ဟု ပြော လျှင် မောင်စံရှားက

'ဦး တစ်ခု ကျနေရစ်၍ တစ်ခေါက် ပြန်မလာရဘူးလား' ဟု မေးလျှင်

'ဩော် ဟုတ်တယ်၊ ကျုပ် ပဝါ ကျကျန်ရစ်ခဲ့လို့ တစ်ခေါက် သွားရသေးတယ်' ဟု ပြောလေ၏။

ထိုအခါ ဦးသာပေါက

'ကဲ၊ ဒါပါပဲ မောင်ရယ်၊ မောင်ရင်တို့သာ ဒီလိုလူမျိုး မတွေ့ကြုံရပါစေနဲ့လို့ ဆုတောင်းကြတော့' ဟု ပြောလျှင် မောင်စံရှားလည်း မိမိ ရေးသားပြီးသည်များကို ဦးသာပေါအား လက်မှတ်ထိုး၍ စေလွှတ်လိုက်လေ၏။

မောင်စံရှားလည်း မောင်ပေါ်လာ၏ အမှုကို စစ်ဆေးသည့်နေ့၌ တရားခံဘက်က ရှေ့နေအား ငပေါ်လာ မသတ်သည့်အကြောင်း ၄၊ ၅ ချက်ကို ရေးသားပေးပို့လိုက်သဖြင့် ရှေ့နေလည်း ၎င်းအတိုင်း လျှောက်လဲရာ မောင်ပေါ်လာလည်း လွတ်လေ၏။

ဦးသာပေါမှာ ၄၊ ၅ လ အတွင်းတွင် သေဆုံးလေရာ သမီး မစောခင်မှာ ငပေါ်လာနှင့် အကြောင်းဆက်၍ ပေါင်းဖက်လျက် ရှိကြလေကုန်သတည်း။

❖

---

ဤဝတ္ထုကို ၁၉၁၇၊ ဧပြီလထုတ် သူရိယမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် (၂)၌ စတင်ဖော်ပြခဲ့သည်။ မှုကွဲအနေဖြင့် ၁၉၃၇ ခုနှစ်ခန့်က ထုတ်ဝေသော စုံထောက်မောင်စံရှား ဒုတိယအုပ်၌ "တဂူကူးကူ" အမည်ဖြင့်လည်းကောင်း၊ ၁၉၅၄၊ ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်း အတွဲ (၈) အမှတ် (၈၇)၌ "သရက်တစ်ပင်ရွာ လူသတ်မှု၌ စုံထောက်ပုံ" အမည်ဖြင့်လည်းကောင်း၊ မြန်မာပြည်မှု အတွဲ (၉)နှင့် နှလုံးလှမှု အတွဲ (၄)တို့၌ တီတူးခါးခါး အမည်ဖြင့်လည်းကောင်း ထပ်မံတွေ့ရှိရသည်။

mgyoe.com




mgyoe.com
mgyoe.com

mgyoe.com

# THE BOSCOMBE VALLEY MYSTERY

WE WERE SEATED at breakfast one morning, my wife and I, when the maid brought in a telegram. It was from Sherlock Holmes and ran in this way:

"Have you a couple of days to spare? Have just been wired for from the west of England in connection with Boscombe Valley tragedy. Shall be glad if you will come with me. Air and scenery perfect. Leave Paddington by the 11.15."

"What do you say, dear?" said my wife, looking across at me. "Will you go?"

"I really don't know what to say. I have a fairly long list at present."

"Oh, Anstruther would do your work for you. You have been looking a little pale lately. I think that the change would do you good, and you are always so interested in Mr. Sherlock Holmes' cases."

"I should be ungrateful if I were not, seeing what I gained through one of them," I answered. "But if I am to go, I must pack at once, for I have only half an hour."

My experience of camp life in Afghanistan had at least had the effect of making me a prompt and ready traveller. My wants were few and simple, so that in less than the time stated I was in a cab with my valise, rattling away to Paddington Station. Sherlock Holmes was pacing up and

mgyoe.com

mgyoe.com
down the platform, his tall, gaunt figure made even gaunter and taller by his long grey travellingcloak and close-fitting cloth cap.

"It is really very good of you to come, Watson," said he. "It makes a considerable difference to me, having someone with me on whom I can thoroughly rely. Local aid is always either worthless or else biassed. If you will keep the two corner seats I shall get the tickets."

We had the carriage to ourselves save for an immense litter of papers which Holmes had brought with him. Among these he rummaged and read, with intervals of note-taking and of meditation, until we were past Reading. Then he suddenly rolled them all into a gigantic ball and tossed them up onto the rack.

"Have you heard anything of the case?" he asked.

"Not a word. I have not seen a paper for some days."

"The London press has not had very full accounts. I have just been looking through all the recent papers in order to master the particulars. It seems, from what I gather, to be one of those simple cases which are so extremely difficult."

"That sounds a little paradoxical."

"But it is profoundly true. Singularity is almost invariably a clue. The more featureless and commonplace a crime is, the more difficult it is to bring it home. In this case, however, they have established a very serious case against the son of the murdered man."

"It is a murder, then?"

"Well, it is conjectured to be so. I shall take nothing for granted until I have the opportunity of looking personally into it. I will explain the state of things to you, as far as I have been able to understand it, in a very few words.

"Boscombe Valley is a country district not very far from Ross, in Herefordshire. The largest landed proprietor in that part is a Mr. John Turner, who made his money in Australia and returned some years ago to the old country. One of the farms which he held, that of Hatherley, was let to Mr. Charles McCarthy, who was also an ex-Australian. The men had known each other in the colonies, so that it was not unnatural that when they came to settle down they should do so as near each other as possible. Turner was apparently the richer man, so McCarthy became his tenant but still remained, it seems, upon terms of perfect equality, as they were

mgyoe.com

mgyoe.com

frequently together. Mc-Carthy had one son, a lad of eighteen, and Turner had an only daughter of the same age, but neither of them had wives living. They appear to have avoided the society of the neighbouring English families and to have led retired lives, though both the McCarthys were fond of sport and were frequently seen at the race-meetings of the neighbourhood. McCarthy kept two servants—a man and a girl. Turner had a considerable household, some half-dozen at the least. That is as much as I have been able to gather about the families. Now for the facts.

"On June 3rd, that is, on Monday last, Mc- Carthy left his house at Hatherley about three in the afternoon and walked down to the Boscombe Pool, which is a small lake formed by the spreading out of the stream which runs down the Boscombe Valley. He had been out with his serving-man in the morning at Ross, and he had told the man that he must hurry, as he had an appointment of importance to keep at three. From that appointment he never came back alive.

"From Hatherley Farm-house to the Boscombe Pool is a quarter of a mile, and two people saw him as he passed over this ground. One was an old woman, whose name is not mentioned, and the other was William Crowder, a game-keeper in the employ of Mr. Turner. Both these witnesses depose that Mr. McCarthy was walking alone. The game-keeper adds that within a few minutes of his seeing Mr. McCarthy pass he had seen his son, Mr. James McCarthy, going the same way with a gun under his arm. To the best of his belief, the father was actually in sight at the time, and the son was following him. He thought no more of the matter until he heard in the evening of the tragedy that had occurred.

"The two McCarthys were seen after the time when William Crowder, the game-keeper, lost sight of them. The Boscombe Pool is thickly wooded round, with just a fringe of grass and of reeds round the edge. A girl of fourteen, Patience Moran, who is the daughter of the lodge-keeper of the Boscombe Valley estate, was in one of the woods picking flowers. She states that while she was there she saw, at the border of the wood and close by the lake, Mr. McCarthy and his son, and that they appeared to be having a violent quarrel. She heard Mr. McCarthy the elder using very strong language to his son, and she saw the latter raise up his hand as if to strike his father. She was so frightened by their violence that she ran away and told her mother when she reached home that she had left the

mgyoe.com

mgyoe.com

two McCarthys quarrelling near Boscombe Pool, and that she was afraid that they were going to fight. She had hardly said the words when young Mr. McCarthy came running up to the lodge to say that he had found his father dead in the wood, and to ask for the help of the lodge-keeper. He was much excited, without either his gun or his hat, and his right hand and sleeve were observed to be stained with fresh blood. On following him they found the dead body stretched out upon the grass beside the pool. The head had been beaten in by repeated blows of some heavy and blunt weapon. The injuries were such as might very well have been inflicted by the butt-end of his son's gun, which was found lying on the grass within a few paces of the body. Under these circumstances the young man was instantly arrested, and a verdict of 'wilful murder' having been returned at the inquest on Tuesday, he was on Wednesday brought before the magistrates at Ross, who have referred the case to the next Assizes. Those are the main facts of the case as they came out before the coroner and the police-court."

"I could hardly imagine a more damning case," I remarked. "If ever circumstantial evidence pointed to a criminal it does so here."

"Circumstantial evidence is a very tricky thing," answered Holmes thoughtfully. "It may seem to point very straight to one thing, but if you shift your own point of view a little, you may find it pointing in an equally uncompromising manner to something entirely different. It must be confessed, however, that the case looks exceedingly grave against the young man, and it is very possible that he is indeed the culprit. There are several people in the neighbourhood, however, and among them Miss Turner, the daughter of the neighbouring landowner, who believe in his innocence, and who have retained Lestrade, whom you may recollect in connection with the Study in Scarlet, to work out the case in his interest. Lestrade, being rather puzzled, has referred the case to me, and hence it is that two middle-aged gentlemen are flying westward at fifty miles an hour instead of quietly digesting their breakfasts at home."

"I am afraid," said I, "that the facts are so obvious that you will find little credit to be gained out of this case."

"There is nothing more deceptive than an obvious fact," he answered, laughing. "Besides, we may chance to hit upon some other obvious facts which may have been by no means obvious to Mr. Lestrade.

mgyoe.com

You know me too well to think that I am boasting when I say that I shall either confirm or destroy his theory by means which he is quite incapable of employing, or even of understanding. To take the first example to hand, I very clearly perceive that in your bedroom the window is upon the right-hand side, and yet I question whether Mr. Lestrade would have noted even so self-evident a thing as that."

"How on earth—"

"My dear fellow, I know you well. I know the military neatness which characterises you. You shave every morning, and in this season you shave by the sunlight; but since your shaving is less and less complete as we get farther back on the left side, until it becomes positively slovenly as we get round the angle of the jaw, it is surely very clear that that side is less illuminated than the other. I could not imagine a man of your habits looking at himself in an equal light and being satisfied with such a result. I only quote this as a trivial example of observation and inference. Therein lies my m´etier, and it is just possible that it may be of some service in the investigation which lies before us. There are one or two minor points which were brought out in the inquest, and which are worth considering."

"What are they?"

"It appears that his arrest did not take place at once, but after the return to Hatherley Farm. On the inspector of constabulary informing him that he was a prisoner, he remarked that he was not surprised to hear it, and that it was no more than his deserts. This observation of his had the natural effect of removing any traces of doubt which might have remained in the minds of the coroner's jury."

"It was a confession," I ejaculated.

"No, for it was followed by a protestation of innocence."

"Coming on the top of such a damning series of events, it was at least a most suspicious remark."

"On the contrary," said Holmes, "it is the brightest rift which I can at present see in the clouds. However innocent he might be, he could not be such an absolute imbecile as not to see that the circumstances were very black against him. Had he appeared surprised at his own arrest, or feigned indignation at it, I should have looked upon it as highly suspicious, because such surprise or anger would not be natural under the circumstances, and yet might appear to be the best policy to a scheming

mgyoe.com

man. His frank acceptance of the situation marks him as either an innocent man, or else as a man of considerable self-restraint and firmness. As to his remark about his deserts, it was also not unnatural if you consider that he stood beside the dead body of his father, and that there is no doubt that he had that very day so far forgotten his filial duty as to bandy words with him, and even, according to the little girl whose evidence is so important, to raise his hand as if to strike him. The self-reproach and contrition which are displayed in his remark appear to me to be the signs of a healthy mind rather than of a guilty one."

I shook my head. "Many men have been hanged on far slighter evidence," I remarked.

"So they have. And many men have been wrongfully hanged."

"What is the young man's own account of the matter?"

"It is, I am afraid, not very encouraging to his supporters, though there are one or two points in it which are suggestive. You will find it here, and may read it for yourself."

He picked out from his bundle a copy of the local

Herefordshire paper, and having turned down the sheet he pointed out the paragraph in which the unfortunate young man had given his own statement of what had occurred. I settled myself down in the corner of the carriage and read it very carefully. It ran in this way:

*"Mr. James McCarthy, the only son of the deceased, was then called and gave evidence as follows: 'I had been away from home for three days at Bristol, and had only just returned upon the morning of last Monday, the 3rd. My father was absent from home at the time of my arrival, and I was informed by the maid that he had driven over to Ross with John Cobb, the groom. Shortly after my return I heard the wheels of his trap in the yard, and, looking out of my window, I saw him get out and walk rapidly out of the yard, though I was not aware in which direction he was going. I then took my gun and strolled out in the direction of the Boscombe Pool, with the intention of visiting the rabbit warren which is upon the other side. On my way I saw William Crowder, the game-keeper, as he had stated in his evidence; but he is mistaken in thinking that I was following my father. I had*

mgyoe.com

mgyoe.com


*no idea that he was in front of me. When about a hundred yards from the pool I heard a cry of "Cooee!" which was a usual signal between my father and myself. I then hurried forward, and found nim standing by the pool. He appeared to be much surprised at seeing me and asked me rather roughly what I was doing there. A conversation ensued which led to high words and almost to blows, for my father was a man of a very violent temper. Seeing that his passion was becoming ungovernable, I left him and returned towards Hatherley Farm. I had not gone more than 150 yards, however, when I heard a hideous outcry behind me, which caused me to run back again. I found my father expiring upon the ground, with his head terribly injured. I dropped my gun and held him in my arms, but he almost instantly expired. I knelt beside him for some minutes, and then made my way to Mr. Turner's lodge-keeper, his house being the nearest, to ask for assistance. I saw no one near my father when I returned, and I have no idea how he came by his injuries. He was not a popular man, being somewhat cold and forbidding in his manners, but he had, as far as I know, no active enemies. I know nothing further of the matter.'*

*"The Coroner: Did your father make any statement to you before he died?*

*"Witness: He mumbled a few words, but I could only catch some allusion to a rat.*

*"The Coroner: What did you understand by that?*

*"Witness: It conveyed no meaning to me. I thought that he was delirious.*

*"The Coroner: What was the point upon which you and your father had this final quarrel?*

*"Witness: I should prefer not to answer.*

*"The Coroner: I am afraid that I must press it.*

*"Witness: It is really impossible for me to tell you. I can assure you that it has nothing to do with the sad tragedy which followed.*

mgyoe.com

*"The Coroner: That is for the court to decide. I need not point out to you that your refusal to answer will prejudice your case considerably in any future proceedings which may arise.*

*"Witness: I must still refuse.*

*"The Coroner: I understand that the cry of 'Cooee' was a common signal between you and your father?*

*"Witness: It was.*

*"The Coroner: How was it, then, that he uttered it before he saw you, and before he even knew that you had returned from Bristol?*

*"Witness (with considerable confusion): I do not know. .*

*"A Juryman: Did you see nothing which aroused your suspicions when you returned on hearing the cry and found your father fatally injured?*

*"Witness: Nothing definite.*

*"The Coroner: What do you mean?*

*"Witness: I was so disturbed and excited as I rushed out into the open, that I could think of nothing except of my father. Yet I have a vague impression that as I ran forward something lay upon the ground to the left of me. It seemed to me to be something grey in colour, a coat of some sort, or a plaid perhaps. When I rose from my father I looked round for it, but it was gone.*

*" 'Do you mean that it disappeared before you went for help?'*

*" 'Yes, it was gone.'*

*" 'You cannot say what it was?'*

*" 'No, I had a feeling something was there.'*

*" 'How far from the body?'*

*" 'A dozen yards or so.'*

*" 'And how far from the edge of the wood?'*

*" 'About the same.'*

*" 'Then if it was removed it was while you were within a dozen yards of it?'*

*" 'Yes, but with my back towards it.'*

mgyoe.com

*"This concluded the examination of the witness."*

"I see," said I as I glanced down the column, "that the coroner in his concluding remarks was rather severe upon young McCarthy. He calls attention, and with reason, to the discrepancy about his father having signalled to him before seeing him, also to his refusal to give details of his conversation with his father, and his singular account of his father's dying words. They are all, as he remarks, very much against the son."

Holmes laughed softly to himself and stretched himself out upon the cushioned seat. "Both you and the coroner have been at some pains," said he, "to single out the very strongest points in the young man's favour. Don't you see that you alternately give him credit for having too much imagination and too little? Too little, if he could not invent a cause of quarrel which would give him the sympathy of the jury; too much, if he evolved from his own inner consciousness anything so outr´e as a dying reference to a rat, and the incident of the vanishing cloth. No, sir, I shall approach this case from the point of view that what this young man says is true, and we shall see whither that hypothesis will lead us. And now here is my pocket Petrarch, and not another word shall I say of this case until we are on the scene of action. We lunch at Swindon, and I see that we shall be there in twenty minutes."

It was nearly four o'clock when we at last, after passing through the beautiful Stroud Valley, and over the broad gleaming Severn, found ourselves at the pretty little country-town of Ross. A lean, ferret-like man, furtive and sly-looking, was waiting for us upon the platform. In spite of the light brown dustcoat and leather-leggings which he wore in deference to his rustic surroundings, I had no difficulty in recognising Lestrade, of Scotland Yard. With him we drove to the Hereford Arms where a room had already been engaged for us.

"I have ordered a carriage," said Lestrade as we sat over a cup of tea. "I knew your energetic nature, and that you would not be happy until you had been on the scene of the crime."

"It was very nice and complimentary of you," Holmes answered. "It is entirely a question of barometric pressure."

Lestrade looked startled. "I do not quite follow," he said.

"How is the glass? Twenty-nine, I see. No wind, and not a cloud in the sky. I have a caseful of cigarettes here which need smoking, and the

mgyoe.com

